# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီရ်ရေလှောင်တမံနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားတက်ရောက်

ဟားခါး ဇန်နဝါရီ ၂၀

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူနှင့် ဦးအောင်သူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကလေးမြို့သို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကလေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ◆


**"ဒီစီမံကိန်းကြောင့် စိုက်ပျိုးရေရမယ်၊ သောက်ရေ၊ သုံးရေရမယ်၊ လျှပ်စစ်မီးရမယ်၊ နောက်ပြီးဒီဟာကို အခြေပြုပြီး လမ်းပန်းဆက်သွယ်မှုတွေ ကောင်းလာတယ်။ ဆေးရုံဆောက်နိုင်တယ်။ ကျောင်းတွေ အခြေအနေပိုပြီး တိုးတက်လာတယ်။ ဒီတော့ စီမံကိန်းလေးတစ်ခုက ဒေသခံပြည်သူတွေအတွက် ရေရတယ်၊ မီးရတယ်၊ လမ်းရတယ်၊ ပညာရေးနဲ့ ကျန်းမာရေးမှာ အထောက်အကူဖြစ်တယ်"**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က သီကီရ်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ညီညွတ်ပေါင်းစည်းရေးသည်သာ သစ္စာ

ယခုတလော ပြည်သူလူထုအကြား ရေပန်းစားနေသည့် ပြောစရာအကြောင်းအရာတစ်ခုမှာ အနာဂတ်မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခများ ဘယ်ပုံဘယ်နည်း ရပ်စဲနိုင်ပါမလဲဆိုသည်နှင့် ဘယ်တော့များမှ တကယ့် ငြိမ်းချမ်းရေးရကြမှာလဲဟူသော ခေါင်းစဉ်ဖြစ်၏။

ပုံမှန် မူမှန် လူသားတစ်ဦးဆိုလျှင် ငြိမ်းချမ်းရေးကို မည်သူမဆို လိုချင်သည်။ ပုံမှန် မူမှန် လူသားတစ်ဦးက ငြိမ်းချမ်းရေးကို ငြင်းပယ်လိုမည်မဟုတ်။ ထို့အတူပဲ စစ်ကို မည်သို့သော ပုံမှန် မူမှန်သူကမှ မလိုလား။ လက်တွေ့စစ်တိုက်နေရသည့် သူများသည်ပင် စစ်ကိုလိုလားမည်မဟုတ်။

စစ်ကြောင့် အကျိုးအမြတ်တစ်စုံတစ်ရာရှိသူများကသာ စစ်ကိုလိုလားသူ အများစု ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ယေဘုယျအားဖြင့်ဆိုလျှင် စစ်ကို မည်သူမျှမလိုလား။ ငြိမ်းချမ်းရေးကို လူတိုင်းလိုလားသည်။

ဤသို့သော ငြိမ်းချမ်းရေး သဘောထားများ မည်သို့ပင်ရှိသည်ဟုဆိုကြစေ။ လက်တွေ့အားဖြင့်မူ မြန်မာနိုင်ငံအတွင်းရှိ စစ်ပွဲများကို မရပ်တန့်နိုင်သေး။ ငြိမ်းချမ်းရေးစကားကိုပင် တွင်တွင်ကျယ်ကျယ် ပြော၍မရကြသေး။ ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးဟူသော ငြိမ်းချမ်းရေးတောင်းဆိုသံများသည်ပင် ကျယ်လောင် အားရှိစွာ ပေါ်ထွက်မလာနိုင်သေး။

သို့သော်လည်း လောက၏ သဘာဝအရ အသံကျယ်လောင်မှု တစ်ခုတည်းက ခေါင်းဆောင်မှုပေးသည်မဟုတ်။ အမှန်တရားကသာ နောက်ဆုံးတစ်နေ့တွင် အနိုင်ရလိမ့်မည်ဟု ပြည်သူလူထုက ယုံကြည်နေကြသည်ပဲ ဖြစ်ပါသည်။

လောကီအမှန်တရားဆိုသည်က လောကကို ဖြိုဖျက်သည့် အယူအဆပေါ်တွင် အခြေခံသည်မဟုတ်။ လောကီအမှန်တရားဆိုသည်က လောကကို ဆိုးကျိုးပေးမည့် အယူအဆပေါ်တွင် အခြေခံခြင်း မဖြစ်နိုင်။ လောကကို တည်ဆောက်သည့်၊ လောကလူသားများကို ကောင်းကျိုးပြုသည့် အယူအဆအတွေးအမြင်များပေါ်မှာသာ အခြေခံမည်ဟု ယုံကြည်ပါသည်။

လောကလူ့ရွာတွင် လူသားတို့ ငြိမ်းအေးချမ်းသာစွာ ရေရှည်တည်တံ့နေထိုင်သွားကြနိုင်ရေးသည် လောကကောင်းကျိုးပြုခြင်း၏ အခြေခံရည်မှန်းချက်ပါပေ။ ကမ္ဘာမြေပေါ်မှာ အသားအရောင်မျိုးစုံ ယဉ်ကျေးမှုဓလေ့ထုံးစံ ကွဲပြားမှုအမျိုးမျိုးတို့ဖြင့် နေထိုင်ရှင်သန်နေကြသည့် လူမျိုးစုံရှိ၏။ ထိုလူမျိုးစုံတို့ ငြိမ်းအေးချမ်းသာစွာ ရေရှည်တည်တံ့နေထိုင်သွားကြနိုင်ရေးဟူသည် တစ်ဦးကိုတစ်ဦး နားလည်စာနာမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် အတူတကွ အေးအေးချမ်းချမ်း နေလိုစိတ်မရှိဘဲ မဖြစ်နိုင်ပါ။

လောကကောင်းကျိုးကို လိုလားသူမှန်သမျှသည် အထက်ပါ အခြေခံမတူညီကြသည့် လူလူချင်းအကြား စာနာထောက်ထားမှု အပြန်အလှန်လေးစားမှုတို့ဖြင့် ချစ်ကြည်ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ချင်ကြမည်သာဖြစ်ပါ၏။ ပေါင်းစည်းရေး ညီညွတ်ရေး သဘောထားသည် ငြိမ်းချမ်းရေး၏ အခြေခံသာပါပဲ။ မတူညီကြသည်များကြားမှာ မည်ကဲ့သို့ ငြိမ်းချမ်းစွာ ပေါင်းစည်းနေထိုင်သွားကြမည်လဲဟူသည်ကို ကြံဆခြင်းသာပါပဲ။

မြန်မာနိုင်ငံသား ပြည်ထောင်စုသားများက ငြိမ်းချမ်းစွာ အတူပူးပေါင်းနေကြ၊ ညီမျှသည့် ဥပဒေစိုးမိုးမှုအောက်တွင် တန်းတူအခွင့်အရေးများ ရကြ၊ ချစ်ချစ်ခင်ခင် ငြိမ်းငြိမ်းချမ်းချမ်း ဆက်ဆံကြအစရှိသည့် တန်းတူညီမျှမှု၊ မေတ္တာတို့ဖြင့် နွေးထွေးသော အာဝါသကိုသာ မက်မော တည်ဆောက်လိုကြသည်ဟု ယုံကြည်ထားကြောင်း အစီရင်ခံအပ်ပါသည်။ ။

## မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကျင်းပ

**နမ့်ခမ်း ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို နမ့်ခမ်းမြို့ အထက(၁)သီရိရွှေရည်ခန်းမ၌ ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပညာရေးမှူးအပါအဝင် ဆရာ ဆရာမများ၊ ပညာရေးမှူးရုံးဝန်ထမ်းများ၊ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တစ်မြို့နယ်လုံးရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်မှ စာစီစာကုံးဆု၊ ဘာသာရပ်အလိုက်ထူးချွန်ဆုများ၊ မြို့နယ်အဆင့် လူရည်ချွန်ပြိုင်ပွဲဆု၊ နိုင်ငံတကာလူငယ်များ ပေးစာပြိုင်ပွဲဆု၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဘာသာရပ်ထူးချွန်ဆု၊ မြို့နယ်အဆင့် သန့်ရှင်းသာယာသော စာသင်ကျောင်းများဆု၊ အားကစားပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း (နမ့်ခမ်း)**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

## မြန်မာ-ဂျပန် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ် Mr.Shunsuke Yakei နှင့် အဖွဲ့အား တွေ့ဆုံ၍ နှစ်နိုင်ငံကြားခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းဆိုင်ရာဘာသာရပ်များကိုသင်ကြားနေသည့် ကောလိပ်များ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင်ဖွင့်လှစ်ထားပြီး သင်ကြားနေမှု၊ ဂျပန်နိုင်ငံမှခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဗီဇာဖြေလျှော့မှု ခရီးစဉ်ဒေသများအကြောင်း ပိုမိုသိရှိနိုင်ရေးအတွက်ခရီးသွားလုပ်ငန်းဆိုင်ရာ သံတမန် (Tourism Ambassador) များခန့်အပ်၍လည်း ဆောင်ရွက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မလှိုင်မြို့ မြို့မစည်ပင်သာယာဈေး ဝန်းကျင်လမ်းများတွင် စည်းကမ်းမဲ့ဈေးသည်များကြောင့် သွားလာရခက်ခဲနေ



ဇန်နဝါရီလတတိယပတ်က လမ်းကျပ်တည်းမှုဖြစ်စဉ်တစ်ခုကို ဤသို့ တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြို့မစည်ပင်သာယာဈေး ဈေးပတ်ဝန်းကျင်တွင် ယာဉ်နှင့်ဆိုင်ကယ်များ၊ ကုန်စိမ်းရောင်းချသောယာဉ်များနှင့်အတူ ယင်းလမ်းများပေါ်တွင် ဈေးရောင်းချနေမှုများကြောင့် လမ်းကျပ်တည်းနေမှုများ ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာက ဖြေရှင်းဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ မျှော်လင့်နေကြောင်း သိရသည်။

"လမ်းကတော်တော်ကျပ်တယ်။ သွားမရအောင် ကျပ်တာ။ ဈေး မြောက်ဘက်လမ်းဆို ပိုဆိုးတယ်။ ကုန်စိမ်းရောင်းချတာတွေက လမ်းပေါ်အထိ ရောက်နေတယ်။ သွားရလာရတာ တကယ့်ကို ခက်ခဲပါတယ်။ သက်ဆိုင်ရာက ဒါတွေကို ဖြေရှင်းပေးဖို့ မျှော်လင့်ပါတယ်" ဟု ဈေးအပြင်ဘက်ဆိုင်ခန်းများမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မလှိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းရာ ဦးစီးအရာရှိဒေါ်လှိုင်က "၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဈေးမြောက်ဘက်လမ်းကို ကွန်ကရစ်လမ်းခင်းဖို့ တင်ဒါခေါ်ယူခြင်းဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ လမ်းကျယ်ဝန်းလာပြီဆိုတာနဲ့ ဈေးသည်တွေ စည်းကမ်းမဲ့ရောင်းချတာကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားမှာပါ။ ဈေးအပြင်မှာကားထိုးရောင်းချနေတဲ့ ကုန်စိမ်းလက်လီ လက်ကားယာဉ်တွေ၊ ဆိုင်တွေကို နေရာပေးနိုင်ဖို့ကိုလည်း စီစဉ်နေပါတယ်။ ဈေးအတွင်း စည်းကမ်းထိန်းသိမ်းတာကို ဆောင်ရွက်နိုင်ပေမယ့် ဈေးနဲ့ပတ်ဝန်းကျင်မှာ လမ်းကျပ်တည်းမှုတွေကိုတော့ အစီအစဉ်တကျ ညှိနှိုင်းဆောင်ရွက်ပြီး အကောင်အထည်ဖော် လုပ်ကိုင်သွားမှာပါ"ဟု ပြောသည်။ **ဘိုဘို(မလှိုင်)**

## သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ၏ ပဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘွဲ့ယူမောင်မယ်များနှင့် မိဘဆွေမျိုးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မို့မို့ရီက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ အထူးပြုဘာသာရပ်ငါးခုဖြစ်သော B.BSc (Social Enterprise Management), B.BSc (Regional Development), B.BSc (Applied Statistics), B.BSc (Accounting & Finance), B.BSc (Marketing Management) ဘွဲ့နှင့် MSEM (Master of Social Enterprise Management), PGDSEM (Post Graduate Diploma in Social Enterprise Management), PGDAF (Post Graduate Diploma in Accounting & Finance), PGDMM (Post Graduate Diploma in Marketing Management) ဘွဲ့တို့ကို စတင်အပ်နှင်းသွားမည်ဖြစ်၍ အလွန်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ထို့အပြင် အထူးပြုဘာသာရပ် ငါးခုလုံးအတွက် ဘွဲ့လွန်ဒီပလိုမာများနှင့် မဟာဘွဲ့များ အပ်နှင်းနိုင်ရန် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများနှင့် မဟာတန်းများ ဖွင့်လှစ်လျက်ရှိကြောင်း၊ မျိုးဆက်သစ်စီးပွားရေး ပညာတတ်များအနေဖြင့် အမိတက္ကသိုလ်က စီးပွားရေးပညာရပ်၊ ICT ပညာရပ်များအပြင် လူမှုရေးစိတ်ဓာတ်အခြေခံကောင်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် သဘောတရားများပါဝင်သော သမဝါယမ ပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည့်အတွက် တတ်မြောက်ထားသော ပညာရပ်ဆိုင်ရာ အခြေခံကောင်းများပေါ် မူတည်၍ အလုပ်ခွင်တွင် လက်တွေ့အသုံးချနိုင်ရန် ကြိုးစားသွားရန်လိုကြောင်း၊ ယနေ့ အပ်နှင်းလိုက်သည့် ဘွဲ့ဒီဂရီအသီးသီးသည် ဘွဲ့ရမောင်မယ်များအတွက် စီးပွားရေး နယ်ပယ်တွင် အသုံးတည့်သော ပညာရှင်များအဖြစ် စတင်အမှတ်သညာပြုလိုက်ခြင်းသာဖြစ်ကြောင်း၊ အစဉ်လေ့လာ သင်ယူနေရသော Learning Society လူ့ဘောင်အဖွဲ့အစည်းတွင် မိမိကိုယ်တိုင်လေ့လာဆည်းပူးရင်း မိဘ၊ ဘိုးဘွားများ ကြိုးပမ်းတည်ဆောက်ထားသော နိုင်ငံတော်ကြီးကို ပစ္စုပ္ပန်တွင် တည်တံ့ခိုင်မာ ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းကာ အနာဂတ်မျိုးဆက်သစ်တို့ လက်သို့ လွှဲပြောင်းပေးအပ်နိုင်အောင် ကြိုးစားကြပါဟု တိုက်တွန်းလိုကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဒေသအလိုက် လိုအပ်သော စီးပွားရေးပညာတို့ကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် အစဉ်အမြဲ ကြိုးစားကြရန်နှင့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး ယှဉ်ပြိုင်နိုင်သည့် Entrepreneurs ဟုခေါ်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်ကြီးများနှင့် လူမှုဆန်းသစ်တီထွင်မှုပညာတတ် (Social Innovators) များဖြစ်အောင် မိမိတို့ကိုယ်တိုင် ကြိုးစားတည်ဆောက်ကြပါဟု ပြောကြားသည်။




သမဝါယမတက္ကသိုလ်(စစ်ကိုင်း)မှ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် MSEM ၁၇ ဦး၊ PGDAF ရှစ်ဦး၊ PGDMM လေးဦး၊ B.BSc ၁၂၂ ဦး၊ B.BSc(SEM) ၇၃ ဦး၊ B.BSc (RD) ၅၅ ဦး၊ B.BSc (AS) ၈၇ဦး၊ B.BSc (AF) ၁၂၄ ဦး၊ B.BSc (MM) ၁၃၈ ဦး၊ စုစုပေါင်း ဘွဲ့ရရှိသူ ၆၂၈ ဦးရှိပြီး တက်ရောက်ဘွဲ့ယူသူ ၅၆၉ ဦးအား သက်ဆိုင်ရာ ဘွဲ့အသီးသီးကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ- သက်အောင်

◆ *ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ချင်းပြည်နယ် ထန်တလန်မြို့သို့ ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သီကီရ်ရေလှောင်တမံ စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**ရိုးရာတေးသီချင်းဂုဏ်ပြုသီဆို**

ထို့နောက် ထန်တလန်မြို့နယ် သီကီရ်ကျေးရွာအနီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် သီကီရ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိရာ ဒေသခံပြည်သူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဂုဏ်ပြုစပ်ဆိုထားသည့် ရိုးရာတေးသီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

**နှလုံးသားချင်းနီးစပ်ဖို့**

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် "အခုလာရောက်ကြိုဆိုတဲ့ ပရိသတ်တွေအားလုံးကို ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ပထမဦးဆုံး ကျွန်မတောင်းပန်ရမှာကတော့ ကျွန်မကဒေသခံဘာသာစကားနဲ့ ဒီလိုနှုတ်ခွန်းဆက်နိုင်တဲ့ အခြေအနေမရှိတာကို တောင်းပန်ပါတယ်။ ဒါကလည်း ကျွန်မတို့နိုင်ငံက ပြည်ထောင်စုကြီးဆိုတော့ တိုင်းရင်းသားလူမျိုးစုံ၊ ပြောတဲ့စကားအမျိုးစုံ ရှိတဲ့နိုင်ငံဆိုတော့ အခက်အခဲတွေဖြစ်တတ်ပါတယ်။ ဒါပေမယ့် အရေးကြီးတာက ကျွန်မတို့ နှလုံးသားချင်း နီးစပ်ဖို့ပါပဲ။ ပြောတဲ့ဘာသာစကားချင်း မတူပေမယ့် နှလုံးသားထဲက စေတနာ၊ မေတ္တာချင်းတူရင် ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ ပျော်ရွှင်ချမ်းမြေ့တဲ့ နိုင်ငံကြီးဖြစ်မယ်ဆိုတာ မုချမလွဲယုံကြည်နိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်မတို့ အခု ဒီမှာလာတဲ့အခါ သီချင်းလေးနဲ့ ကြိုဆိုပါတယ်။

**အမြဲတန်ဖိုးကြီးတယ်**

"သီချင်းလေးထဲမှာ ကျွန်မကို ဗိုလ်ချုပ်အောင်ဆန်းသမီးအနေနဲ့ ကြိုဆိုတဲ့အခါ အရင်ချင်းပြည်နယ်ကို လာတုန်းကလည်း ဒို့ဗိုလ်ချုပ်သမီးဆိုပြီး ကြိုဆိုတာကို မှတ်မိပါတယ်။ ဒါကြောင့် ကျွန်မတို့အပေါ်မှာ ချင်းတိုင်းရင်းသားများထားတဲ့ မေတ္တာ၊ စေတနာဟာ အမြဲတန်ဖိုးကြီးတယ်ဆိုတာ ကျွန်မနှလုံးသွင်းထားပြီးသားဖြစ်ပါတယ်။ သီကီရ်ရေလှောင်တမံစီမံကိန်းက တစ်နည်းအားဖြင့် သေးငယ်တယ်လို့ ပြောလို့ရပေမယ့် ဒီရေလှောင်တမံရဲ့ အကျိုးဆက်တွေကို ကြည့်လိုက်ရင် ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးမှာ လိုအပ်နေတဲ့ကိစ္စတွေကို အကျဉ်းချုံးပြီး ပြလိုက်တယ်လို့ ပြောနိုင်ပါတယ်။

"ဒီစီမံကိန်းကြောင့် စိုက်ပျိုးရေရမယ်၊ သောက်ရေ၊ သုံးရေရမယ်၊ လျှပ်စစ်မီးရမယ် နောက်ပြီးဒီဟာကို အခြေပြုပြီး လမ်းပန်းဆက်သွယ်မှုတွေ ကောင်းလာတယ်။ ဆေးရုံဆောက်နိုင်တယ်။ ကျောင်းတွေ အခြေအနေပိုပြီး တိုးတက်လာတယ်။ ဒီတော့ စီမံကိန်းလေးတစ်ခုက ဒေသခံပြည်သူတွေအတွက် ရေရတယ်၊ မီးရတယ်၊ လမ်းရတယ်၊ ပညာရေးနဲ့ ကျန်းမာရေးမှာ အထောက်အကူဖြစ်တယ်။ ဒီစီမံကိန်းလေးဟာ ကျွန်မတို့ တစ်နိုင်ငံလုံးရဲ့လိုအပ်ချက်တွေကို ရောင်ပြန်ဟပ်သလို ဒီလိုအပ်ချက်တွေ ဖြည့်ဆည်းပေးလိုက်ရင် ကျွန်မတို့ပြည်သူတွေအတွက် ဘယ်လောက်ကောင်းကျိုးတွေ ရှိနိုင်မလဲဆိုတာကိုလည်း ပြလိုက်တာဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အသေးစား ရေအားလျှပ်စစ်စက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

**ရေကြီးမှုရဲ့အန္တရာယ်ကာကွယ်နိုင်**

"ကျွန်မတို့ရဲ့ဗုဒ္ဓဘာသာမှာတော့ ရန်သူမျိုးငါးပါးဆိုတာရှိပါတယ်။ ရေ၊ မီး၊ မင်း၊ မချစ်မနှစ်သက်သောသူနဲ့ ခိုးသူဆိုပြီး သတ်မှတ်ထားပါတယ်။ ဒီ သီကီရ်စီမံကိန်းကိုကြည့်ရင် ရန်သူမျိုးငါးပါးကို အောင်မြင်နိုင်တဲ့လမ်းစကို ပြလိုက်တယ်လို့ ပြောရင်လည်း မမှားပါဘူး။ ရေရအောင် ကျွန်မတို့လုပ်တယ်၊ တကယ်တော့ ရေမရခြင်းဆိုတာကလည်း အန္တရာယ်ပါပဲ။ ရန်သူမျိုးတစ်ပါးဖြစ်တဲ့ ရေကိုအဘက်ဘက်ကနေပြီး ကျွန်မတို့နိုင်ရမယ်။ လုံလောက်တဲ့ သောက်ရေသုံးရေ၊ စိုက်ပျိုးရေ ရအောင်လုပ်ပေးနိုင်ရမယ်။ ရေကြီးမှုရဲ့အန္တရာယ်ကို ကာကွယ်နိုင်အောင် ကျွန်မတို့လုပ်ရပါလိမ့်မယ်။

"မီးဆိုတာကတော့ အရင်တုန်းကလောင်တဲ့မီးကို ပြောတာပါ။ ဒါပေမယ့် အခုခေတ်မှာဆိုရင် လျှပ်စစ်မီးလို့လည်း ပြောလို့ရပါတယ်။လျှပ်စစ်မီးပေးခြင်းဆိုတာဟာလည်း ပြည်သူပြည်သားတွေကို အကျိုးပြုခြင်းပဲဖြစ်ပါတယ်။ လျှပ်စစ်မီးမရရင် ပြည်သူပြည်သားတွေရဲ့တိုးတက်မှုဟာ အင်မတန်မှနှောင့်နှေးပါတယ်။

**ညီညွတ်မှုနဲ့တိုးတက်လာအောင်လုပ်နိုင်**

မင်းဆိုတာက အစိုးရလုပ်သူများပါ။ အစိုးရလုပ်သူများကနေပြီး ပြည်သူများအတွက် အန္တရာယ်မဖြစ်အောင် ဒီမိုကရေစီစနစ်ဟာ အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူကို အခြေခံတဲ့ ဒီမိုကရေစီစနစ်ရှိမှသာလျှင် အုပ်ချုပ်သူမင်းများဟာ ပြည်သူအပေါ်မှာကောင်းကောင်းဆက်ဆံဖို့ အာမခံရမှာဖြစ်ပါတယ်။ မချစ်မနှစ်သက်သော သူများမရှိအောင် ကျွန်မတို့ တစ်ယောက်ချင်းတစ်ယောက်ချင်း လုပ်ယူရမှာဖြစ်ပါတယ်။ ကိုယ့်အပေါ်မှာ ချစ်ခင်ဖို့မရှိတဲ့သူ များဟာ ကိုယ့်ရဲ့ရန်သူဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့အချင်းချင်း ရန်သူမဖြစ်အောင် ချစ်ခြင်းစေတနာကို ပွားများအောင်လို့အားလုံးလုပ်ရမှာပါ။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ၊ ပြည်ထောင်စုသားများအားလုံးဟာ တစ်ယောက်ပေါ်တစ်ယောက် တကယ်ပဲချစ်ချစ်ခင်ခင်ရှိတယ်ဆိုရင် ဒီမချစ်မနှစ်သက်ခြင်းရဲ့အန္တရာယ်ကို ဖယ်ရှားလို့ရမယ်။ မေတ္တာစေတနာတွေကြောင့် ကျွန်မတို့နိုင်ငံ ညီညွတ်မှုနဲ့တိုးတက်လာအောင် အများကြီးလုပ်နိုင်မှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ အသေးစားရေအားလျှပ်စစ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထန်တလန်မြို့မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-သက်အောင်

*စာမျက်နှာ ၃ မှ*

"ခိုးသူဆိုတာကတော့ သာမန်ခိုးသူတွေမဟုတ်ပါဘူး။ ပြည်သူတွေထံမှ၊ နိုင်ငံမှ ခိုးသူတွေကိုလည်းဆိုလိုပါတယ်။ ဒါဟာ အဂတိလိုက်စားမှုပါ။ အဂတိလိုက်စားမှု ကင်းမှသာလျှင် ကျွန်မတို့ပြည်သူပြည်သားများဟာ နိုင်ငံ့ရဲ့အရင်းအမြစ်တွေ၊ ပြည်သူနဲ့ဆိုင်တဲ့ ပစ္စည်း၊ ဥစ္စာ၊ ဘဏ္ဍာတော်တွေကို ခိုးမယ့်သူတွေကို ကျွန်မတို့ဖယ်ရှားနိုင်မှာပါ။ ဒါကလည်း ဒီမိုကရေစီစနစ်ရဲ့အဓိကရည်ရွယ်ချက်တစ်ခုလည်း ဖြစ်တယ်။ ဒီမိုကရေစီစနစ်ကြောင့်လည်း အဂတိလိုက်စားခြင်းကိုဖယ်ရှားနိုင်တဲ့ အခွင့်အရေးတွေရပါတယ်။ ဒါကလည်း ကျွန်မတို့အစိုးရရဲ့ ဦးတည်ချက်တစ်ခုဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးချင်**

"ခြုံငုံပြီးပြောရမယ်ဆိုရင် ကျွန်မတို့အစိုးရဟာ ပြည်သူပြည်သားများ ရန်သူမျိုးငါးပါးရဲ့အန္တရာယ်က ကင်းဝေးအောင်လုပ်ပေးချင်တယ်။ ပြည်သူပြည်သားများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးချင်တယ်။ ဒီလိုလုပ်တဲ့နေရာမှာ ပြည်သူပြည်သားများရဲ့ပူးပေါင်းဆောင်ရွက်မှု၊ ပါဝင်မှုဟာ အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူပြည်သားများမပါတဲ့ ဘယ်စီမံကိန်းမှ မအောင်မြင်နိုင်ပါဘူး။ ဒီလိုစီမံကိန်းလေးတစ်ခု ဖော်ထုတ်တယ်ဆိုတာတောင်မှ ဒေသခံ ပြည်သူပြည်သားများလည်းပါရတယ်။ ဗဟိုကအစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုကလည်း လိုအပ်တယ်။ တခြားဘက်ကနေ ကျွမ်းကျင်တဲ့သူတွေ၊ ကူညီမယ့်သူတွေအားလုံးကလည်း ဝိုင်းပြီးတော့ ပါရတယ်။ ဒါကြောင့်မို့လို့ စုပေါင်းအင်အားနဲ့သာလျှင် ကျွန်မတို့ရဲ့အိပ်မက်တွေကို ကျွန်မတို့အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

"ကျွန်မ ဒီချင်းပြည်နယ်ကိုလာနိုင်တဲ့အခါတိုင်းမှာ စိတ်ချမ်းသာရပါတယ်။ ချင်းတိုင်းရင်းသားများရဲ့နွေးထွေးမှု၊ ချင်းတိုင်းရင်းသားများရဲ့ ဒေသရဲ့အခက်အခဲတွေကို ကြံ့ကြံ့ခံခိုင်နိုင်မှု၊ ဒါပေမယ့်ကျွန်မတို့ ချင်းတိုင်းရင်းသားတွေကို တစ်ခုတော့ မေတ္တာရပ်ခံချင်ပါတယ်။ သစ်ပင်တွေခုတ်တဲ့အလေ့အထကတော့ လုံးဝပျောက်အောင် လုပ်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိုရဟတ်ယာဉ်နဲ့လာတဲ့အခါမှာ ဒီမှာသစ်တောတွေ ဘယ်လောက်ပြုန်းတီးသွားပြီလဲဆိုတာ တွေ့ရပါတယ်။ သိအောင်ပြောပြတာပါ။ နှိုင်းယှဉ်တဲ့အနေနဲ့ပြောတာမဟုတ်ပါဘူး။

**လုပ်နိုင်တဲ့ အင်အားလည်းရှိ**

"မကြာခင်က ကချင်ပြည်နယ်သွားတဲ့အခါကျတော့ ကြည့်လိုက်တဲ့အခါ တောအုပ်တွေက တစ်ခါထဲ အင်မတန်မှစိမ်းလန်းပြီးတော့ သန်မာနေတာကို ကျွန်မတို့တွေ့ရတယ်။ ချင်းပြည်နယ်မှာလည်း ဒီအတိုင်းပဲပြန်ပြီးတော့ဖြစ်စေချင်တယ်။ ဒီအတိုင်းဖြစ်ဖို့ဆိုတာဟာ ဒီကတိုင်းရင်းသားတွေ တစ်ဦးချင်းတစ်ဦးချင်းမှာ လုပ်နိုင်တဲ့ အင်အားလည်းရှိတယ်။ လုပ်ရမယ့်တာဝန်လည်းရှိတယ်။ ဒါကြောင့်မို့ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်အောင်လုပ်ကြပါ။ သဘာဝပတ်ဝန်းကျင်ကို လုံးဝမပြောင်းလဲဘဲတော့ လုပ်လို့မရဘူး။ ဒီတမံစီမံကိန်းဆိုတာလည်း ဒါဟာ သဘာဝအရ ပေါက်လာတာမှမဟုတ်တာ။ လူကလုပ်တာပဲ။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထန်တလန်မြို့၌ ဒေသခံပြည်သူများအတွက် ဆန်နှင့် ဆီတို့ကို မြို့မိ မြို့ဖ ဦးရှန်ဇဲလ်ထံ ထောက်ပံ့ပေးအပ်စဉ်။
ဓာတ်ပုံ-သက်အောင်

သဘာဝကိုပိုပြီးတော့ ဒီဒေသမှာနေထိုင်တဲ့ လူတွေရော၊ တိရစ္ဆာန်တွေရောအတွက် ကောင်းမွန်အောင် ကျွန်မတို့ကြည့်ပြီးတော့ ထိန်းသိမ်းသွားရမှာပါ။ ဒီသဘာဝကိုလုံးဝမပြုပြင်ဘူး။ လုံးဝမထိဘူး။ ဒီအတိုင်းပဲမပြောင်းလဲဘဲ ထားမယ်ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့ ဖွံ့ဖြိုးရေးအတွက် ကျွန်မတို့ရဲ့ခေတ်အဆက်ဆက်လိုအပ်ချက်အရ ကျွန်မတို့ ပြုပြင်သွားရမှာပါ။

**ကောင်းတဲ့အကျိုးတွေရဖို့**

"ပြုပြင်တဲ့နေရာမှာ အားလုံးအတွက် အကျိုးရှိအောင်ကြည့်ရမယ်။ စောစောကပြောသလို လူတွေအတွက်တင် မဟုတ်ဘူး။ တိရစ္ဆာန်များအတွက်ပါ ကြည့်ရမယ်။ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ကျွန်မတို့နေတဲ့ကမ္ဘာကြီးပေါ်မှာ တာဝန်ရှိတယ်။ ကျွန်မတို့နေတဲ့မြေ အပေါ်မှာတာဝန်ရှိတယ်။ ကျွန်မတို့သောက်တဲ့ရေအပေါ်မှာ တာဝန်ရှိတယ်။ ကျွန်မတို့သုံးတဲ့မီးအပေါ်မှာ တာဝန်ရှိတယ်။ အားလုံးကတာဝန်ယူမှ ဒီ ရေ၊ မီး၊ မင်း၊ မချစ်မနှစ်သက်သောသူ၊ ခိုးသူဆိုတဲ့ ရန်တွေ၊ အန္တရာယ်တွေအားလုံးကို ကျော်လွှားပြီးတော့ ကောင်းတဲ့အကျိုးတွေရဖို့ပဲ ကျွန်မတို့လုပ်နိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တောင်းပန်စကားပြောရမှာဖြစ်ပါတယ်။ ကျွန်မတို့နောက်ကျသွားတဲ့ ကိစ္စပါ။ နောက်ကျသွားတယ်ဆိုတာကလည်း ကျွန်မတို့အနေနဲ့ ရာသီဥတုကို ကြည့်ပြီးတော့ အလုပ်လုပ်ရတာပါ။ ဒါဟာလည်း ကျွန်မတို့အတွက် သင်ခန်းစာပဲဖြစ်ပါတယ်။ ရာသီဥတုကို အခုထက်ထိ လုံးဝတော့မနိုင်သေးပါဘူး။ ရာသီဥတုကို ခန့်မှန်းနိုင်တဲ့ နည်းပညာတွေ ရှိပေမယ့် ရာသီဥတုပြောင်းလဲမှုကို ကျွန်မတို့အနေနဲ့ တားဆီးနိုင်တဲ့ အဆင့်မှာ မရှိပါဘူး။ ဒါကြောင့် စဉ်းစားတဲ့အခါမှာ နောင်အတွက် စီစဉ်တဲ့အခါမှာ ကိုယ်ဘာတွေကိုလုပ်နိုင်သလဲ၊ ဘာတွေကိုမလုပ်နိုင်ဘူးလဲဆိုတာကို မှန်မှန်ကန်ကန် စဉ်းစားရမယ်။ ချင့်ချိန်ရမယ်။ လုပ်နိုင်သမျှကို လုပ်ရမယ်။ ကာကွယ်နိုင်တဲ့ ကိစ္စအားလုံးကို ကြိုတင်ပြီးကာကွယ်ရမယ်။ ပြဿနာတစ်ခုဟာ ဖြစ်ပြီးမှ ပြုပြင်ဖို့ဆိုတာဟာမလွယ်ပါဘူး။ မဖြစ်ခင်က ကာကွယ်ဖို့ဆိုတာ ပိုပြီးတော့လွယ်ပါတယ်။ ရာသီဥတုအလိုက် အလုပ်ကိုပြောင်းပြီးတော့ လုပ်ရတာတွေရှိတယ်။ ဒီလိုပြောင်းပြီးတော့ လုပ်ရတဲ့အခါမှာလည်း ကျွန်မတို့အတွက် အဆုံးအရှုံးမရှိအောင် အားလုံးက ဝိုင်းပြီးတော့ကြိုးစားရမှာပါ။

"အချိန်အနည်းငယ်မျှသာ ကျွန်မတို့အတူတူ တွေ့ဆုံရတယ်ဆိုပေမယ့် ဒီအချိန်အနည်းငယ်အတွင်းမှာ စစ်မှန်တဲ့စေတနာတွေ၊ မေတ္တာတွေ ကျွန်မတို့ကြားထဲမှာတည်ဆောက်နိုင်မယ်ဆိုရင် အချိန်အကြာကြီးနေတတ်တာတောင်မှ ပိုပြီးတော့ တန်ဖိုးရှိပါတယ်လို့ပြောရင်းနဲ့ ထပ်မံပြီး ကျန်းမာချမ်းသာကြပါစေ၊ ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် သီကီရ်ရေလှောင်တမံကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တို့သည် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် သီကီရ်အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသေးစားရေအားလျှပ်စစ်စက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရိဒ်ခေါဒါရ်မြို့ ရိဒ်ရေကန်သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ ဓာတ်ပုံ-သက်အောင်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချင်းပြည်နယ်ကိုလာတိုင်း ချင်းတိုင်းရင်းသားများ၏ နွေးထွေးမှုကို အများကြီးခံစားရပါကြောင်း၊ အထူးသဖြင့် ချင်းတိုင်းရင်းသားများသည် ဖေဖေ့ကို ဘယ်တော့မှမမေ့သည်ကို မိမိကျေးဇူးတင်ပါကြောင်း၊ မိမိကို အမြဲတမ်း မိမိဖခင်၏ သမီးအနေဖြင့် တန်ဖိုးထားသည့်အတွက် အင်မတန်ကျေးဇူးတင်ပါကြောင်း၊ ဒီကိုရောက်လာသည့်အခါတွင် ရာသီဥတုအခြေအနေကြောင့် နောက်ကျသွားသည့်အတွက် တောင်းပန်ပါကြောင်း၊ တချို့တိုင်းရင်းသားများက တော်တော်ဝေးသည့်ရွာများမှ အရောက်လာရသည်ကို မိမိနားလည်ပါကြောင်း၊ ဒီလောက်အချိန်ပေးလာပြီး ခဏလေးတွေ့သွားရသည်ကို အင်မတန်အားနာပါကြောင်း၊ အထူးသဖြင့် သီကီရ်တွင် အချိန်ကိုကျုံ့ခဲ့ရပါကြောင်း၊ အချိန်ကာလဘယ်လောက်ကြာကြာတွေ့တာက အဓိကမဟုတ်ဘဲ မိမိတို့အချင်းချင်းကြားတွင် နားလည်မှုရှိနိုင်တာ၊ စေတနာ မေတ္တာထားနိုင်တာက အဓိကဖြစ်ပါကြောင်း။

**တိုင်းပြည်အကျိုး ဘယ်လိုလုပ်နိုင်မလဲ**

မိမိသီကီရ်တွင် တွေ့ခဲ့ရသည်မှာ စီမံကိန်းသေးသေးလေးတစ်ခုက ဘယ်လောက်အထိ ဒေသခံများကို အကျိုးပြုသလဲဆိုတာ တွေ့ရပါကြောင်း၊ ဒီထက်ပိုပြီးအရေးကြီးတာက မိမိတို့၏ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေးကိစ္စ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို သေသေချာချာ ပြုစုပျိုးထောင်မည်ဆိုလျှင် မိမိတို့နိုင်ငံတစ်နိုင်ငံလုံးကို ဘယ်လောက်အထိ အကျိုးပြုနိုင်မလဲဆိုတာ မိမိသဘောပေါက်ပါကြောင်း၊ မိမိ နိုင်ငံတစ်ဝန်းသွားပြီး ပြည်သူပြည်သားများနှင့် တွေ့သည့်အခါတိုင်း အဖြစ်အပျက်များကို လေ့လာပြီး သင်ခန်းစာယူပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်၏အကျိုး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးအတွက် ဘယ်လိုပိုပြီး လုပ်ပေးနိုင်မလဲဆိုပြီး အဲဒီလိုနားလည်မှုရအောင်၊ ပညာများရအောင် လေ့လာပါကြောင်း၊ ဥပမာ ကချင်ပြည်နယ်ရော၊ ချင်းပြည်နယ်မှာရော ရဟတ်ယာဉ်သုံးရတာများပါကြောင်း၊ ချင်းပြည်နယ်ကို ယခင် မိမိလာတုန်းက မိမိသည် အစိုးရအဖွဲ့ထဲမှာ မဟုတ်တော့ ကားဖြင့် လာခဲ့ရပါကြောင်း။

ဒါပေမယ့် ကားဖြင့်တက်ခြင်း၏ အကျိုးကျေးဇူးမှာ လမ်းတစ်လျှောက် ပြည်သူလူထုနှင့်ထိတွေ့ခွင့်ရရှိပါကြောင်း၊ လမ်းကရွာများတွင်ရပ်ပြီး ရွာထဲမှ ရွာသူရွာသားများနှင့် ထိတွေ့ခွင့်ရှိပါကြောင်း၊ မိမိ ၂၀၀၂ ခုနှစ်လောက်က ချင်းပြည်နယ်ကို လာသည့်အခါ လမ်းမှ ရွာလေးများက နွေးနွေးထွေးထွေး ကြိုဆိုရုံတင်မက လမ်းပြင်နေသည့် ချင်းတိုင်းရင်းသားများကပါ ကြိုဆိုကြပါကြောင်း၊ ကြိုဆိုသည့်နေရာတိုင်းတွင် နွေးနွေးထွေးထွေးနှင့် မရှိမဲ့ ရှိမဲ့ လက်ဆောင်လေးများဖြင့် ကြိုဆိုကြပါကြောင်း၊ အဲဒီလို မိမိတို့က ထိတွေ့ပိုင်ခွင့်ရှိပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-သက်အောင်

**နွေးထွေးနီးစပ်မှုမှာ နည်းမသွားနိုင်**

အခုကျတော့ ထိတွေ့မှုပုံစံမျိုးက မတူတော့ပါကြောင်း၊ အဲဒီတုန်းကလောက် ပြည်သူကြားထဲမှာ မသွားနိုင်သော်လည်း ပြည်သူနှင့်မိမိတို့အကြားရှိ နွေးထွေးနီးစပ်မှုမှာ ဘယ်လိုမှ နည်းမသွားဘူးဟုလည်း ထင်ပါကြောင်း၊ ရဟတ်ယာဉ်ဖြင့်သွားတော့လည်း မိမိ သင်ခန်းစာတစ်ခုရပါကြောင်း၊ ရဟတ်ယာဉ်ဆင်းတိုင်း ဘေးပတ်ဝန်းကျင်ကို ပြဿနာဖြစ်စေပါကြောင်း၊ လေအလွန်တိုက်သည့်အခါ ခေါင်မိုးများပျက်စီးတာ၊ ခြံစည်းရိုးများပျက်စီးတာကို တွေ့မြင်ရပါကြောင်း၊ ဒါကလည်း သင်ခန်းစာဖြစ်ပါကြောင်း၊ ကိစ္စတိုင်းသည် အပေါင်းလက္ခဏာရှိသလို၊ အနုတ်လက္ခဏာရှိပါကြောင်း၊ မိမိ သေသေချာချာပြောထားပါကြောင်း၊ ပျက်စီးမှုများအတွက် အားလုံးလျော်ကြေးပေးရမည် ဖြစ်ပါကြောင်း၊ မပေးဘူးဆိုလျှင် မိမိတို့ကို အသိပေးရန်လိုပါကြောင်း။

**ပြည်သူများ ထောက်ခံမှု**

မိမိ ဒီမှာဆင်းလာသည့်အခါ ကြိုဆိုရန် မုခ်ဆောက်ထားတာ ပြိုကျသွားသည်ကို တွေ့ရပါကြောင်း၊ အပေါ်မှ ကြည့်လိုက်သည့်အခါ အရှေ့ကမုခ်၊ အနောက်က ပြည်သူများက စောင့်ပါကြောင်း၊ သီချင်းဆိုပြီး ကြိုဆိုသည့် ပြည်သူများနောက်တွင် မိမိဓာတ်ပုံကို ထောင်ထားပါကြောင်း၊ ထိုဓာတ်ပုံကတော့ လုံးဝမယိုင်လဲသွားပါကြောင်း၊ ထို့အတွက် မိမိစိတ်ထဲတွင် ပြည်သူကကွယ်ပေးထားသည့်အရာက ဘယ်တော့မှ မယိုင်ဘူးဟု စဉ်းစားမိပါကြောင်း၊ မိမိတို့အစိုးရသာမဟုတ်ဘဲ ဘယ်အစိုးရ၏ ရပ်တည်မှုမဆို ပြည်သူများ ထောက်ခံမှုမရှိဘဲ အောင်အောင်မြင်မြင် မဖြစ်နိုင်ပါကြောင်း၊ ပြည်သူများ၏ ထောက်ခံမှုမရှိဘဲ အုပ်ချုပ်ခြင်းဆိုသည်မှာ တကယ်တော့ ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူများ၏ တာဝန်အတွက် တာဝန်ထမ်းဆောင်ခြင်း မဟုတ်နိုင်ပါကြောင်း။

**အားလုံးအတူ ကြိုးစားရန်လို**

အခု မိမိကိုကြိုဆိုတော့ သီချင်းလေးနှင့် ကြိုဆိုပါကြောင်း၊ သီချင်း၏အဓိပ္ပာယ်ကို ဘာသာပြန်ပေးထားသဖြင့် နားလည်ရပါကြောင်း၊ အဓိကကတော့ အဖေ့သမီးအနေနဲ့ ကြိုဆိုတယ်၊ ယုံကြည်ချက်နဲ့ကြိုဆိုတယ်။ ယုံကြည်ချက်နဲ့ ကြိုဆိုတယ်ဆိုတာ ပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုကို ပပျောက်သွားအောင်၊ မျက်ရည်တွေ ပျောက်သွားအောင်၊ မျက်ရည်ကျဖို့မလိုတော့အောင် လုပ်ပေးတယ်ဆိုရင်လည်း မိမိတို့တာဝန်က မပြီးသေးပါကြောင်း၊ တိုင်းရင်းသား ပြည်သူပြည်သားအားလုံး ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်အတွက်၊ မျက်ရည်မကျရန်အတွက် အားလုံးအတူ အများကြီးကြိုးစားရန် လိုပါကြောင်း။

မိမိတို့နိုင်ငံက ဖွံ့ဖြိုးတိုးတက်စနိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် တခြားလူများထက်ပိုပြီး ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးခါစတုန်းက ဖေဖေပြောခဲ့သည့် စကားတစ်ခုရှိပါကြောင်း၊ ကျွန်တော်တို့ နိုင်ငံက မွဲပြာကျခဲ့လို့ တခြားသူတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ပြေးမှတော်ကာကျမယ်ဟူ၍ ဖြစ်ပါကြောင်း၊ အခုလည်း ယင်းကဲ့သို့ ခံစားရပါကြောင်း။

**အင်အားနှင့်အရည်အချင်းပူးတွဲ**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်ခဲ့သဖြင့် တခြားအိမ်နီးနားချင်းများ၊ ရှေ့မှ ဖွံ့ဖြိုးတိုးတက်သွားသည့် နိုင်ငံများကို မီရန်ဆိုလျှင် သူတို့ လမ်းလျှောက်နေသည့်အချိန်တွင် ပြေးနိုင်မှရမည် ဖြစ်ပါကြောင်း၊ ပြေးဖို့ဆိုတော့ ပြေးဖို့က ဆန္ဒလိုပါကြောင်း၊ ငါတို့ပြေးမယ်လို့ ဆုံးဖြတ်ရမည်၊ တခြားသူတွေ လမ်းလျှောက်ပေမယ့် ငါတို့ပြေးမည်၊ တခြားသူတွေ သက်သက်သာသာသွားနေပေမယ့် ငါတို့ အပင်ပန်းခံမည်ဆိုသည့် သန္နိဋ္ဌာန်ချရန် လိုပါကြောင်း၊ သန္နိဋ္ဌာန်အရ လုပ်နိုင်ဖို့က အင်အားလိုပါကြောင်း၊ အရည်အချင်းလိုပါကြောင်း၊ အင်အားနှင့်အရည်အချင်း ပူးတွဲခြင်းအားဖြင့်သာလျှင် ဆောက်တည်နိုင်မှာ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ တိုးတက်ရန်အတွက် အင်အားဆိုတာ တစ်ယောက်နှင့်တစ်ယောက် ဖြည့်ဆည်းပေးရန် လိုပါကြောင်း၊ ဒီလိုလုပ်သည့်နေရာတွင် ဘယ်သူကသာသည်၊ ဘယ်သူကနာသည်ဟု မရှိပါကြောင်း၊ အားလုံးအတူတူ သူ့တန်ဖိုးနှင့်သူရှိပါကြောင်း၊ သူ့အားနည်းချက်နှင့်သူ၊ သူ့အားသာချက်နှင့်သူရှိပါကြောင်း၊ အဲဒါကိုမမေ့ရန် လိုပါကြောင်း၊ တချို့က ကိုယ့်အားနည်းချက်ကိုမမြင်ဘဲ၊ သူများ၏ အားနည်း ချက်ကို မြင်သည်မှာလည်း မကောင်းပါကြောင်း၊ ကိုယ့်မှာအားသာချက်ရှိသည်ဆိုလည်း အဲဒါကိုသိပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုဆောက်တည်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုတာ

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ပိုက်ဆံချမ်းသာချင်၍ မဟုတ်ဘဲ ပြည်သူ ပြည်သားများကို စိတ်ချမ်းသာစေချင်လို့ ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်၊ မတိုးတက်ဘူးဆိုတာ ပြည်သူပြည်သားများ၏ စိတ်ခွန်အား ဘယ်လောက်ရှိသလဲ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု ဘယ်လောက်ရှိသလဲ ဆိုသည့်အပေါ်တွင် တည်ပါကြောင်း၊ တခြားအပေါ်တွင် မတည်ပါကြောင်း၊ GDP တွေ ဘယ်လိုပဲ တက်တက်၊ ဘာပဲ ဘယ်လိုပြောပြော၊ ဘယ်ကိန်းဂဏန်းကြည့်ကြည့် နောက်ဆုံးတွင် နိုင်ငံသူ နိုင်ငံသားများ ဘယ်လောက်ထိ စိတ်လုံခြုံမှု၊ ကိုယ်လုံခြုံမှုရှိသလဲ၊ ဘယ်လောက်ထိ စိတ်ချမ်းသာမှုရှိသလဲ ဆိုသည့် ဒီကိန်းနှင့်ကြည့်ပြီး လုပ်ရမည် ဖြစ်ပါကြောင်း။

**ပြည်သူ့အသံ နားထောင်ရန်**

ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာ အောင်နေရန်ဆိုတာ ကိုယ်ကလည်းပါရမည်၊ သူများကလုပ်ပေးမှ စိတ်ချမ်းသာရမည်ဆိုတာ ဘယ်တော့မှ စိတ်ချမ်းသာမှုရနိုင်မှာ မဟုတ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပြည်ထောင်စုသားအားလုံး တစ်ဦးချင်း တစ်ဦးချင်း ကိုယ့်မှာ တာဝန်ရှိပါကြောင်း၊ ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်းအားဖြင့် ကိုယ့်ပြည်ထောင်စုကို အကျိုးပြုမည်ဆိုသည့် စိတ်ထားများကို မွေးမြူစေချင်ပါကြောင်း၊ အစိုးရတစ်ခုသည် အောင်အောင်မြင်မြင် တာဝန်များကို ထမ်းဆောင်နိုင်ရန် ဘာအရေးကြီးဆုံးလဲဆိုတာ ပြည်သူ့အသံကို နားထောင်ရန် ဖြစ်ပါကြောင်း။

ပြည်သူများ၏ နှလုံးသားထဲတွင် ဘာရှိသလဲဆိုတာ သိနိုင်ဖို့ပဲ ဖြစ်ပါကြောင်း၊ ပြည်သူ့အသံမှတစ်ဆင့် ဒီနှလုံးသားထဲမှာရှိနေသည့်အရာများ ပေါ်လာရန်မှာ ပြည်သူကလည်း အစိုးရကို ယုံကြည်မှုရှိမှ ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ မကြိုက်တာကြားရလျှင် ဒဏ်ပေးမည်ဟုထင်လျှင် မပြောတော့ကြောင်း၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ကြိုက်တာကိုပဲ လိုက်ပြောကြပါကြောင်း၊ အဲဒီဟာကလည်း အင်မတန်မှ နိုင်ငံတစ်နိုင်ငံကို နစ်နာစေသည့်ကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ တချို့ကလည်း အစိုးရလုပ်သူများသည် အားလုံးလုပ်ပေးရမည်၊ ကိုယ့်မှာ တာဝန်မရှိဘူး။ ကိုယ်ကမဲပေးပြီးပြီ၊ မဲပေးပြီးသည်နှင့် ကိုယ့်မှာ တာဝန်ကျေပြီ ကျန်တာ အစိုးရအလုပ်ဆိုပြီး အဲဒီလို စိတ်ထားသူများလည်း ရှိပါကြောင်း၊ အဲဒါလည်း မှန်ကန်မှုမရှိပါကြောင်း၊ ကိုယ့်တာဝန်နှင့်ကိုယ် ကျေပွန်အောင်လုပ်ရမည်၊ အစိုးရအပေါ်တွင်လည်း အစိုးရ၏တာဝန် ကျေပွန်စေရမည်ဆိုသည့် အမြင်ဖြင့် မြင်ရမည်ဖြစ်ပါကြောင်း၊ မိမိ ဒီလိုပြောရခြင်း အကြောင်းမှာ ဒီတွေ့ဆုံပွဲတွင် မိမိ ပြောတာထက် ပြည်သူ့အသံကို နားထောင်ချင်တာက အဓိကဖြစ်ပါကြောင်း၊ မိမိ ပြောပြီးသည့်အခါ ပြည်သူလူထုထဲမှ အသံများကို ကြားချင်ပါကြောင်း။

ပြည်သူတွေက ဘာပြောချင်သလဲ၊ ဘာမေးချင်သလဲ၊ ဘာစိုးရိမ်မှုတွေရှိသလဲ၊ ဘာမျှော်လင့်ချက်တွေ ရှိသလဲ၊ ဘာပြဿနာတွေရှိသလဲဆိုတာ မိမိ နားထောင်လိုပါကြောင်း၊ အားလုံးကိုတော့ ချက်ချင်းဖြေရှင်းပေးနိုင်မည် မဟုတ်ပါကြောင်း၊ သို့သော် ဘယ်လိုပဲပြောပြော ဆွေးနွေးတယ်၊ တိုင်ပင်တယ်၊ ညှိနှိုင်းတယ်ဆိုတာ နိုင်ငံ့အင်အား အခြေခံဖြစ်ပါကြောင်း၊ အခုရောက်လာသည့် မြို့မိ၊ မြို့ဖများအားလုံးကို ကျေးဇူးတင်တယ်ဆိုတာ မိမိတို့နိုင်ငံအတွက် အတူတကွ တာဝန်ထမ်းဆောင်ဖို့ စိတ်ဓာတ်နှင့် လာကြတယ်လို့ မိမိ ယုံကြည်လို့ ဖြစ်ပါကြောင်း၊ မိမိ အပြင်မှာ နှုတ်ဆက်သည့် အထဲတွင် ချင်းတိုင်းရင်းသား ဖခင်ကြီးများကိုလည်း တွေ့ခဲ့ရပါကြောင်း၊ ဒီလောက်တောင်မှ မိမိတို့အပေါ် စေတနာထားပြီး ဖြစ်အောင်လာပြီး ကြိုဆိုတာ၊ နှုတ်ဆက်တာကို အင်မတန်မှ တန်ဖိုးထားပါကြောင်း။

**လူသား သယံဇာတအပေါ်တွင် မူတည်**

ပြည်သူ၏ ထောက်ခံမှု၊ ပြည်သူ၏ မေတ္တာစေတနာများ၏ တန်ဖိုးနှင့် တူညီသည့်တန်ဖိုး ဘာမှမရှိပါကြောင်း၊ တော်တော်များများက ပြောကြပါကြောင်း၊ မြန်မာနိုင်ငံက သဘာဝ သယံဇာတပစ္စည်း အင်မတန်မှ ပေါကြွယ်သည့်နိုင်ငံဖြစ်၍ အင်မတန်မှ ကံကောင်းသည်ဆိုတာ မိမိကတော့ ကံကောင်းမှုသည် သဘာဝသယံဇာတ ပစ္စည်းပေါ်တွင် မတည်ဘဲ မိမိတို့ လူသား သယံဇာတအပေါ်တွင်သာ မူတည်ပါကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ တန်ဖိုးပေါ်မှာသာ မူတည်ပါကြောင်း၊ မိမိတို့ နိုင်ငံဆိုတာသည်လည်း တကယ်တော့ နိုင်ငံသူ နိုင်ငံသားများနှင့် ဖွဲ့စည်းထားလို့သာ နိုင်ငံဖြစ်တာ ဖြစ်ပါကြောင်း၊ နိုင်ငံဖြစ်လို့ နိုင်ငံသူ နိုင်ငံသားတွေဖြစ်သွားတာ မဟုတ်ပါကြောင်း။

မိမိတို့ အခုရောက်နေသည့်အချိန်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ခပ်တိုတိုပဲ တင်ပြထားတာတွေ ပြီးပြီဖြစ်ပါကြောင်း၊ ဘာတွေလိုအပ်သလဲဆိုတာ ပရိသတ်ထဲက ပြည်သူထဲက မေးပိုင်ခွင့်ရှိအောင် မိမိတို့ အချိန်ပေးချင်ပါကြောင်း၊ မေးချင်တာ ပြောချင်တာ ပြောပါ။ မိမိအနေဖြင့် တတ်နိုင်သလောက် ဖြေနိုင်တာကို ဖြေမည်ဖြစ်ပါကြောင်း၊ ချက်ချင်း မဖြေနိုင်လျှင်လည်း နောက်အဖြေရှာပြီးတော့ ပေးမည်ဖြစ်ပါကြောင်း၊ တင်ပြသည့်အခါတွင် သတ္တိရှိရှိဖြင့် ပွင့်ပွင့်လင်းလင်းတင်ပြရန် လိုပါကြောင်း၊ ကိုယ့်နှလုံးသားထဲတွင် ရှိသည့်အတိုင်း တင်ပြစေလိုပါကြောင်း၊ မည်သူ့ကိုမျှ ပုတ်ခတ်ချင်သည့်စိတ်ဖြင့် မတင်ပြကြပါနဲ့၊ ပုတ်ခတ် တိုက်ခိုက်ချင်သည့် စိတ်ဖြင့် မဟုတ်ဘဲ မိမိတို့ အခြေအနေ၊ မိမိတို့ ပတ်ဝန်းကျင် ပိုပြီးကောင်းမွန်သွားစေချင်သည့် စေတနာပေါ်တွင် အခြေခံပြီး ဆွေးနွေးပြောဆိုမေးမြန်းကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**ပံ့ပိုးပေးမည့်အစီအစဉ် ဖြေကြား**

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပံ့ပိုးပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို မြို့မိမြို့ဖ ဦးရှန်ဇဲလ်ထံ ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးမြို့၌ ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်စဉ်။ ဓာတ်ပုံ - သက်အောင်

"ပြည်သူ့အသံမှတစ်ဆင့် ဒီနှလုံးသားထဲမှာရှိနေသည့်အရာများ ပေါ်လာရန်မှာ ပြည်သူကလည်း အစိုးရကို ယုံကြည်မှုရှိမှ ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ မကြိုက်တာကြားရလျှင် ဒဏ်ပေးမည်ဟုထင်လျှင် မပြောတော့ကြောင်း၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ကြိုက်တာကိုပဲ လိုက်ပြောကြပါကြောင်း၊ အဲဒီဟာကလည်း အင်မတန်မှ နိုင်ငံတစ်နိုင်ငံကို နစ်နာစေသည့်ကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ တချို့ကလည်း အစိုးရလုပ်သူများသည် အားလုံးလုပ်ပေးရမည်၊ ကိုယ့်မှာ တာဝန်မရှိဘူး။ ကိုယ်ကမဲပေးပြီးပြီ၊ မဲပေးပြီးသည်နှင့် ကိုယ့်မှာ တာဝန်ကျေပြီ ကျန်တာ အစိုးရအလုပ်ဆိုပြီး အဲဒီလို စိတ်ထားသူများလည်း ရှိပါကြောင်း၊ အဲဒါလည်း မှန်ကန်မှုမရှိပါကြောင်း၊ ကိုယ့်တာဝန်နှင့်ကိုယ် ကျေပွန်အောင်လုပ်ရမည်၊ အစိုးရအပေါ်တွင်လည်း အစိုးရ၏တာဝန် ကျေပွန်စေရမည်ဆိုသည့် အမြင်ဖြင့်မြင်ရမည်ဖြစ်"

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထန်တလန်မြို့မှ ရိဒ်ခေါ်ဒါရ်မြို့ ပြည်ထောင်စုရိပ်သာသို့ ရောက်ရှိကြသည်။

ပြည်ထောင်စုရိပ်သာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒေသခံပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများထံ ပေးအပ်သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆက်လက်၍ ရိဒ်ခေါ်ဒါရ်မြို့ အမှတ်(၁) ရပ်ကွက်အနီးရှိ ရိဒ်ရေကန်သို့ရောက်ရှိရာ ဟွာငိုလ် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ ချင်းရိုးရာဝါးညှပ်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါ်ဒါရ်မြို့ အနီး ပင်လယ်ရေမျက်နှာပြင် အထက် ၂၉၉၇ ပေတွင်တည်ရှိပြီး ရေကန်၏ အကျယ်မှာ ၂ မိုင်ကျော်ခန့်ရှိသည်။ ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိခဲ့ပြီး ချင်းပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားဒေသတစ်ခုနှင့် ဒေသတွင်းရိုးရာယုံကြည်ကိုးကွယ်မှုအဖြစ် နိုင်ငံတကာတွင် ထင်ရှားသည့် ရေကန်တစ်ခု ဖြစ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟားခါးမြို့သို့ရောက်ရှိကြပြီး ဟားခါးမြို့ **Carson Hall** ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က **နိုင်ငံတော်အစိုးရမှ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အကျယ်တဝင့်** ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပံ့ပိုးပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒေသခံပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို မြို့မိမြို့ဖများထံ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ခင်မင်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။ **သတင်းစဉ်**

**ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်**

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ချင်းပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ





ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ချင်းပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဟားခါး ဇန်နဝါရီ ၂၀**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ချင်းပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီးနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ရာတွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု တတိယအကြိမ်အဖြစ် ချင်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ယခုလို တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါကြောင်း။

**အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရန်**

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူညီချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းတာဝန်ထမ်းဆောင်စေပြီး ဖြစ်ပါကြောင်း၊ ထိုသို့ ပြောင်းရွှေ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် အုပ်ချုပ်ရေး ယန္တရားကို တည်ဆောက်နိုင်ရန်နှင့် Good Governance အုပ်ချုပ်မှုစနစ်ကောင်း ဖြစ်ပေါ်လာရန် ရည်ရွယ်ပြီး ပြောင်းရွှေ့ရခြင်းပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မြန်မာ့ရိုးရာနှစ်သစ်ကူးမိန့်ခွန်းတွင် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအတွက် အစိုးရပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဆိုသည့် အချက် (၂) ချက် ဆောင်ရွက်မည်ဆိုသည်ကို လမ်းညွှန်ပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ အစိုးရ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနဲ့ နီးစပ်တဲ့ အောက်ခြေက စတင်မယ်၊ ပြည်သူနဲ့အတူ စုပေါင်းအင်အားနဲ့ ချဉ်းကပ်မယ်၊ ပြည်သူ့ဆန္ဒကို အလေးထားပြီး တည်ဆောက်မယ်၊ ပြုပြင်ပြောင်းလဲမှုနဲ့ အံမဝင်တဲ့ နေရာတွေမှာ လူစားလဲမှုတွေ ပြုလုပ်မယ်ဆိုသည့် မူဝါဒ (၄) ရပ်နှင့် ဆောင်ရွက်သွားရန်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆောင်ရွက်ရာတွင် ပြောင်းလဲသင့်သည်များကို ပြောင်းလဲမယ်၊ တည်ငြိမ်မှုကိုလည်း မထိခိုက်စေဘဲ အပြောင်းအလဲတွေ ဖြစ်ပေါ်စေဖို့ ဆောင်ရွက်မယ်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှုကို အခြေခံပြီး ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွယ်မယ်ဆိုတဲ့ မူဝါဒတွေနဲ့ ဆောင်ရွက်သွားဖို့ကိုလည်း လမ်းညွှန်ထားခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အုပ်ချုပ်မှုယန္တရား ပြုပြင်ပြောင်းလဲခြင်း၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များနှင့် ပိုမိုပေါင်းစည်းဆက်စပ်ဆောင်ရွက်ပေးခြင်း၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း စသည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အနေဖြင့် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပညာရှင်များပါဝင်သည့် အကြံပေးအဖွဲ့၏ အကြံပြုချက်များကိုရယူပြီး ယင်းအကြံပြုချက်များကို လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အထိရောက်ဆုံး ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ အနေနှင့် မိမိတို့၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ချမှတ်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

**ပွင့်လင်းမြင်သာမှုရှိရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူးများနှင့် နေပြည်တော် အုပ်ချုပ်ရေးမှူးတို့သည် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီ၏ အတွင်းရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် ထိုသို့ အရေးကြီးတာဝန်များကို ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုယန္တရား ချောမွေ့စေရေး၊ အုပ်ချုပ်မှုစနစ် မျှတမှန်ကန်စေရေး၊ အဂတိလိုက်စားမှုမရှိစေရေး၊ ပွင့်လင်းမြင်သာမှု ရှိစေရေးတို့ကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အလေးအနက်ထား ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

အစိုးရအဖွဲ့များ ပြောင်းလဲသွားခြင်းသည် အသွင်သဏ္ဌာန်ပြောင်းလဲသွားခြင်း ဖြစ်ပြီး အမှန်တကယ် အနှစ်သာရ ပြောင်းလဲမှုများဖြစ်ပေါ်လာရန်အတွက် မိမိတို့၏ ဝန်ထမ်းများကိုယ်တိုင် နိုင်ငံတော်၏မူဝါဒများနှင့်အညီ လိုက်ပါပြောင်းလဲပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်တွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများအားလုံး တက်ညီလက်ညီပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုပါကြောင်း၊ အပြောင်းအလဲများ ဖော်ဆောင်ရာတွင် ဘာများမှားသွားမလဲဆိုသည့် စိုးရိမ်စိတ်များ ဖြစ်ပေါ်တတ်ခြင်းသည် သဘာဝပင် ဖြစ်ပါကြောင်း။

ထိုသို့သော အချိန်အခါမျိုးတွင် အချင်းချင်းဆွေးနွေးတိုင်ပင် နှီးနှောပြီး ဆောင်ရွက်မယ်ဆိုရင် စိုးရိမ်မှုများ ပျောက်ပျက်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထက်- အောက်၊ ဘေးနံ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးနှင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်ပတ်သက်ပြီး အလေးအနက်ထား မှာကြားလိုသည့် အဓိကအချက် (၂) ချက် ရှိပါကြောင်း၊ ပထမအချက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့လိုက်သည့်အတွက် ဘာတွေဖြစ်လာမလဲဆိုပြီး စိုးရိမ်ပူပန်မှုများ မရှိကြရန် ပြောကြားလိုပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်နှင့် လည်ပတ်နေပြီး နောက်တစ်ဆင့် အနေနှင့် အပြောင်းအလဲများ ဖော်ဆောင်နိုင်ရန်၊ ဦးတည်ကြိုးပမ်းပေးကြရန် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ အနေနှင့် မိမိတာဝန်ကို ကျေပွန်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ပြောင်းလဲလာသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို တက်တက်ကြွကြွ လိုက်ပါဖော်ဆောင်ပေးကြရန် မှာကြားလိုပါကြောင်း၊ မိမိ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်နှင့် ဆက်လက်ဆောင်ရွက်သွားပြီး ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

**အပြောင်းအလဲများ မြင်တွေ့နိုင်**

ဒုတိယအချက်မှာ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုသည် ပြည်သူလူထုကို မျက်နှာမူပြီး အပြောင်းအလဲများ သိသိသာသာ မြင်တွေ့နိုင်အောင် ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း၊ ပြည်သူများ မြင်တွေ့လိုသည့် အပြောင်းအလဲများ ဖြစ်လာအောင် စိတ်ဓာတ်နှင့် ခံယူချက်များ ပြောင်းရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်သူလူထုကို ဝန်ဆောင်မှု ပေးသူများဖြစ်သည်ဟု ခံယူထားပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အချိန်မရွေး အဆင်သင့်ရှိနေကြရမည် ဖြစ်ပါကြောင်း၊ လူထုနှင့် နီးစပ်၊ လူထုအသံကိုနားထောင်၊ လူထုနှင့်အတူ ပူးပေါင်းလုပ်ကိုင်ပြီး လူထုက ယုံကြည်ရသည့် စီမံခန့်ခွဲမှုစနစ်နှင့် အားကိုးရသည့် အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်လာအောင် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ပထမဆုံးအဆင့်တွင် အုပ်ချုပ်ရေးယန္တရားတည်ငြိမ်ရေး၊ တစ်ဆက်တည်းမှာပင် ဒုတိယအဆင့်တွင် အပြောင်းအလဲများ ဖော်ဆောင်နိုင်ရေးကို ရည်မှန်းချက်ထားပြီး မိမိတို့ဝန်ထမ်းများသည် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နှင့် ဖော်ဆောင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေးကြရန် အလေးအနက် တိုက်တွန်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ဆောင်ရွက်ရန်အချက်များကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းထွက်ရှိသောစာအုပ်စာရင်း

*(၂၀-၁-၂၀၁၉ ရက်မှ အဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၄၉ | ရွှေရောင်ဥပဒေဖြစ်တဲ့ စီးပွားရေးလုပ်ငန်းကျင့်ဝတ် | ကောင်းသာ | စိတ်ကူးချိုချို | ၁၇၀၀ |
| ၅၀ | မြန်မာကျေးတောနေတို့၏ ကဗျာများ | မြသန်းတင့် | နှစ်ကာလများ | ၃၀၀၀ |
| ၅၁ | ပရက်ရှပ်စ်မန်မို | ချိုပိန်းနောင် | နှစ်ကာလများ | ၂၀၀၀ |
| ၅၂ | ရောဝတီသို့အပြန် | မြသန်းတင့် | တိုးမြစ် | ၂၅၀၀ |
| ၅၃ | မိုးရေစက်လက် စိမ်းရက်ပါတဲ့ မောင့်လိပ်ပြာ | ညိုနှင်းအိမ် | လင်းလွန်းခင် | ၂၅၀၀ |
| ၅၄ | မိုဟီကန် နောက်ဆုံးမျိုးဆက် | သစ်ဦးဇင် | ခူဝံ | ၃၀၀၀ |
| ၅၅ | မီးလျှံများကို ဖြတ်ကျော်ခြင်း | ထန်းတပင်စန်းလွင် | လွင်ဦး | ၂၅၀၀ |
| ၅၆ | စွမ်းအင်နဲ့ လျှပ်စစ်ကို ကမ္ဘာကြည့်ကြည့်မယ် | မော်သာထွေး(မန္တလေး) | မျိုးဆက်သစ် | ၅၀၀၀ |
| ၅၇ | အောင်မြင်သူတို့ ပြုလုပ်လေ့ရှိသော အချက်ပေါင်း ၁၀၀ | အောင်ကို(တောင်ငူ) | တူဒေး | ၆၀၀၀ |
| ၅၈ | ပန်းချီခရီးနှင့် ဘဝရေစီး | ပန်းချီစိန်မြင့်(ရွှေချည်ထိုး) | နှစ်ကာလများ | ၁၀၀၀၀ |
| ၅၉ | သောင်းပြောင်းထွေလာ တိရစ္ဆာန်ဆေးကုဆရာဝန်ဘဝ | မြတ်ကျော် | မနောဖြူ | ၄၀၀၀ |
| ၆၀ | The Anti - Corruption Law | - | ရှုတိုင်းယဉ် | ၂၀၀၀ |
| ၆၁ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ | - | ရှုတိုင်းယဉ် | ၁၀၀၀ |
| ၆၂ | ချစ်တဲ့သူကို တကယ်ချစ်တဲ့အခါ | အေဇာချို | ခုနစ်စင်ကြယ် | ၁၅၀၀ |
| ၆၃ | ရိတ်သိမ်းမထားသော ဦးခေါင်းများ | အဇ္ဈတ္တ | Global Piece Group | ၃၀၀၀ |
| ၆၄ | သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း | ဦးပုည | စိတ်ကူးချိုချို | ၈၀၀ |
| ၆၅ | တစ်ခေတ်တစ်ခါက မြန်မာ့အားကစား လူရည်ချွန်များ | မောင်ရဲဝင်း | စိတ်ကူးချိုချို | ၃၀၀၀ |
| ၆၆ | ဗမာစာတတ်ဖို့လိုတယ် | မောင်သာဒိုး | ကွမ်းခြံလမ်း | ၂၅၀၀ |
| ၆၇ | လက်တွေ့ဝိပဿနာနှင့် ဗောဇ္ဈင်ခုနစ်ပါး ဘာဝနာပွားများခြင်း | ဦးမြတ်သူ | ဦးမြတ်သူ | ၃၀၀၀ |
| ၆၈ | ဘာမထီမဟာအာဇာနည် သာကီမျိုးဟော့ ဒို့ဗမာ | ဦးလှသိန်းထွဋ် | - | ၄၀၀၀ |
| ၆၉ | မြန်မာ့သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ | သန်းဝင်းလှိုင် | အိပ်မက်သစ် | ၅၅၀၀ |
| ၇၀ | My Memories | ဖြူစင်ဝင်း | Global Piece Group | ၂၅၀၀ |
| ၇၁ | လူကြီးတွေက စပြင်ပါ | ကိုကိုလင်း(အမေစိန်) | Wisdom house | ၂၅၀၀ |



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရ အဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်၍ ဖွင့်လှစ်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများက ကလေး စာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး
နိုင်သက်လွင်



ပြည်နယ်ဝန်ကြီးချုပ်
ဒေါက်တာခက်အောင်



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ဒုတိယအပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**ပူးပေါင်းပါဝင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်များတွင် ကျင်းပခဲ့ပါကြောင်း၊ ခရိုင်မြို့များနှင့် မြို့နယ်များတွင်လည်း ကျင်းပခဲ့ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းရှိ နေရာအများအပြားတွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော်များကို ကလေးများ ပျော်ရွှင်စေရန်နှင့် ကလေးစာပေပွဲတော်များမှတစ်ဆင့် ကလေးများ စာဖတ်သည့်အလေ့အကျင့်များ ဖြစ်ပေါ်လာပြီး စာပေဝန်းကျင်တွင် ပျော်မွေ့တတ်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို စာပေဖတ်ရှုသည့် အလေ့အကျင့်သာမက ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိစေရန်အတွက် အများနှင့် ပေါင်းစပ်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကလေးငယ်များ စာဖတ်သည့်အလေ့အကျင့် ရရှိစေရန်အတွက် ကလေးစာပေပွဲတော်များအပြင် ဝန်ကြီးဌာနမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများတွင် ကလေးစာဖတ်ခန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာဖတ်သည့်အလေ့အထကို ပြုစုပျိုးထောင်**

ကလေးငယ်များကို ငယ်ရွယ်သည့် အရွယ်မှ စတင်ကာ စာဖတ်သည့် အလေ့အထကို ပြုစုပျိုးထောင်လျှင် ယခုပြောဆိုနေကြသည့် Life Long Learning အလေ့အကျင့်ကို လေ့ကျင့်ပြုစုပြီးသားဖြစ်မည် ဖြစ်ပါကြောင်း၊ စာဖတ်သည့် အလေ့အကျင့်နှင့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ရင့်သန်လာသော ကလေးငယ်များသည် လူတော်လူကောင်းများ ဖြစ်လာကြမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံမှ ကလေးငယ်များသည် လူတော် လူကောင်းများ ဖြစ်လာကြပါက နိုင်ငံ၏အနာဂတ်သည်လည်း တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများ၊ ပညာရေးကောလိပ်နှင့် မြစ်ကြီးနား တက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

ကလေးစာပေ ပွဲတော်(မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေမှုကို တွေ့ရစဉ်။



# ကလေးစာပေပွဲတော် (မြစ်ကြီးနား) ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်း ပွဲတော်သို့ လာရောက် ကြည့်ရှုလေ့လာသည့် ပုံရိပ်များ




ကလေးစာပေပွဲတော်(မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ>





တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုပြခန်း၌ ပြသထားသည့် ရိုးရာအသုံးအဆောင်ပစ္စည်းများအား ပွဲတော်လာသူများ စိတ်ဝင်တစား လေ့လာကြည့်ရှုနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ>




စာပေစကားဝိုင်း ဆွေးနွေးပွဲကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ>



ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေသည့် တိုင်းရင်းသူကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ>



ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေသည့် တိုင်းရင်းသူကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ>



ခြင်းအလုခတ်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ>

# ဝသဝတ္တီခြောက်ထပ် ဓမ္မဝိမာန်တော် ကျောင်းလွှတ်ပူဇာအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဝသဝတ္တီခြောက်ထပ် ဓမ္မဝိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် ဇောတိကလမ်းရှိ အသောက သီတဂူကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ ထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဒါယကာဒါယိကာ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာ မှဒိတာစကားကို ဖတ်ကြားလျှောက်ထားပြီး တာဝန်ရှိသူများနှင့် ဒါယကာဒါယိကာ ပရိသတ်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ ထံမှ အနုမောဒနာရေစက်ချတရား နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဝသဝတ္တီခြောက်ထပ် ဓမ္မဝိမာန်တော်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၏ဇနီး ဒေါ်ခင်သီတာ၊ ဒေါက်တာ လှမျိုးနိုင်နှင့် ဇနီးဒေါ်ယုယုတင်၊ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကမ္ပည်းမော်ကွန်း စက်ခလုတ်နှိပ်ဖွင့်**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များနှင့် တာဝန်ရှိသူများသည် ဓမ္မဝိမာန်တော်ကြီး မှတ်တမ်း ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

**သတင်းစဉ်**





ဝသဝတ္တီခြောက်ထပ် ဓမ္မဝိမာန်တော်ကြီးကို ပါမောက္ခချုပ်ဆရာတော်နှင့် ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၏ဇနီး ဒေါ်ခင်သီတာတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်စဉ်။ သတင်းစဉ်

---

◆ *ကျောဖုံးမှ*

ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး ရုံးအကြီးအကဲ၊ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး၊ လာအိုနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အကျဉ်းချုပ်ရှင်းလင်းပြောကြား**

အခမ်းအနားကို လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့မှ လာအိုရိုးရာ သရုပ်ဖော်အကများဖြင့် စတင်ပြီး ဂုဏ်ပြုတပ်ဖွဲ့က လာအိုနိုင်ငံအလံအား လွှင့်ထူ၍ လာအိုနိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုကြသည်။ ယင်းနောက် လာအိုပြည်သူ့တပ်မတော်မှ Major General Sonthong Phommalavong က လာအိုပြည်သူ့တပ်မတော်သမိုင်းကြောင်းအား အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Bounnhang Vorachith က မိန့်ခွန်းပြောကြားပြီး ကာကွယ်ရေးဝန်ကြီးက စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် စစ်ဆေးသည်။ ယင်းနောက် အလံကိုင်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ လာအိုတပ်မတော်လွတ်မြောက်ရေးတပ်ဖွဲ့၊ လာအိုပြည်သူ့တပ်မတော်လွတ်မြောက်ရေးတပ်ဖွဲ့၊ လာအိုပြည်သူ့တပ်မတော် အမျိုးသမီးတပ်ဖွဲ့၊ လေတပ်ဖွဲ့၊ နယ်စပ်ရေးရာတပ်ဖွဲ့၊ ခြေလျင်တပ်ဖွဲ့၊ ဆက်သွယ်ရေးတပ်ဖွဲ့၊ ဆေးပညာတပ်ဖွဲ့၊ နယ်ခြား စောင့်တပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့၊ ကိုယ်ခံပညာတပ်ဖွဲ့၊ သံချပ်ကာတပ်ဖွဲ့မှ သံချပ်ကာ ယာဉ်များ၊ အမြောက်တပ်ဖွဲ့မှ အမြောက်ဆွဲယာဉ်များ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့မှ လေကြောင်းရန်ကာကွယ်ရေးယာဉ်များ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ဖွဲ့မှ ဆောက်လုပ်ရေးယာဉ်များနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့က စစ်ရေးပြအစီအစဉ်အတိုင်း ချီတက် အလေးပြုကြသည်။

ထိုသို့ ချီတက်အလေးပြုနေစဉ် အချိန်အတွင်း ရဟတ်ယာဉ်များက လာအိုနိုင်ငံအလံ၊ ပါတီအလံနှင့် လာအို ပြည်သူ့တပ်မတော်အလံများအား ချိတ်ဆွဲပျံသန်းပြီး ဂျက်တိုက်လေယာဉ်များက စွမ်းရည်သရုပ်ပြအလုပ်ပြမောင်းနှင်ကြသည်။ ထို့အတူ လေထီးတပ်ဖွဲ့မှ လေထီးခုန်စစ်သည်၊ စစ်သမီးများက လာအိုနိုင်ငံ အလံ၊ ပါတီအလံ၊ လာအို ပြည်သူ့တပ်မတော်အလံနှင့် ရောင်စုံအလံများအား ချိတ်ဆွဲ၍ စစ်ရေးပြကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြပြီး လာအိုပြည်သူ့တပ်မတော်မှ Major General Sonthong Phommalavong က စစ်ရေးပြအခမ်းအနားများ ပြီးဆုံးကြောင်း ကြေညာ၍ ကျေးဇူးတင်စကား ပြောကြားသည်။

**တက်ရောက်**

ဆက်လက်ပြီး ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သည့် လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ်(၇၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ဟင်္သာတမြို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးရှိ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ရုံသို့ ရောက်ရှိကြပြီး ဘေးအန္တရာယ်ကျရောက်ပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများ အသင့်သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် ထောက်ပံ့ပေးခဲ့သည့် လုပ်ငန်းများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်များကျရောက်ပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရသလို ပြန်လည်ထူထောင်ရေး လုပ်ငန်းသည်လည်း အရေးကြီးကြောင်း၊ ထို့အတွက် ကမ်းပြိုဘေး၊ လေဘေးများကြောင့် နေအိမ်များ ရွှေ့ပြောင်းရခြင်း၊ ပျက်စီးခြင်းများအတွက် ငွေကြေးထောက်ပံ့မှုအပြင် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဟင်္သာတခရိုင် မြို့နယ်များအတွင်းရှိ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ မိခင်ဝိုင်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ထောက်ပံ့ငွေများပေးအပ်ရာ ဟင်္သာတ ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၅၉၆၁၀၀၀၊ ဇလွန်မြို့နယ် သပြုကွင်းပရဟိတအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၇၄၀၁၀၀၀၊ လေးမျက်နှာမြို့နယ် ပရဟိတအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၉၁၆၅၀၀၀၊ မြန်အောင်ပရဟိတအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၃၂၅၃၈၀၀၀၊ ကြံခင်းမျောက်ချောကုန်း ပရဟိတအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၅၄၈၆၀၀၀၊ ကြံခင်းမေတ္တာရှင် ပရဟိတအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၂၂၁၄၀၀၀၊ ဇလွန်မဟာနာဂဝံသ လူငယ်ပရဟိတအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၂၇၅၄၀၀၀၊ မြန်အောင်စေတနာမူ ညကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၃၃၅၀၀၀ တို့ကို ထောက်ပံ့ခဲ့ပြီး ဟင်္သာတမြို့၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၄၄၆၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၃၃၅၆၀၀၀၀၊ မိခင်ဝိုင်းများဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၈၅၀၀၀၀၊ ဟင်္သာတခရိုင်အတွင်း အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၆၉၂၇ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၂၀၇၈၁၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့ မြို့တော်ခန်းမ၌ ကျောင်းကုန်းမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား ၅၇၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၇၃၇၀၀၀၀၊ မသန်စွမ်းသူ ၈၃၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၉၆၀၀၀၀၊ မိခင်ဝိုင်းများ ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၈၇၅၀၀၀ တို့ကို အသီးသီးထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များနှင့် ကျောင်းကုန်းမြို့နယ်အတွင်း ထောက်ပံ့ငွေကျပ် စုစုပေါင်းမှာ ၄၆၁၅၄၉၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ဟင်္သာတခရိုင်၊ မြို့နယ်များအတွင်းရှိ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ မိခင်ဝိုင်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ထောက်ပံ့ခြင်းအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ကလေးစာပေပွဲတော် (မြစ်ကြီးနား)တွင် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများကို ပွဲတော်လာရောက်သူများ စိတ်ဝင်တစားကြည့်ရှုလေ့လာ

မြစ်ကြီးနား ဇန်နဝါရီ ၂၀

**ကလေးစာပေပွဲတော် (မြစ်ကြီးနား) တွင် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု ပြခန်းများကို ပါဝင်ပြသထားပြီး အဆိုပါ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု ပြခန်းများကို ပွဲတော်လာရောက်သူအများအပြားက စိတ်ဝင်တစားကြည့်ရှုလေ့လာ ကြသည်။**



တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုပြခန်းတစ်ခုအား စိတ်ဝင်တစားကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။

**စိတ်ဝင်စားဖို့ကောင်း**

"ပွဲတော်မှာ ကျွန်မနဲ့ သူငယ်ချင်းတွေ အားလုံးအတူတူ စိတ်ဝင်တစားလေ့လာဖြစ်တာက တိုင်းရင်းသားစာပေနဲ့ ရိုးရာယဉ်ကျေးမှုပြခန်းတွေပါ။ တခြားပြခန်းတွေလည်း စိတ်ဝင်စားဖို့ကောင်းသလို ဗဟုသုတလည်း ရပါတယ်။ ကျွန်မတို့ ပိုပြီး လေ့လာဖြစ်တာက တိုင်းရင်းသားပြခန်းတွေပါ။ တိုင်းရင်းသားစာပေတွေရဲ့ အကြောင်းကို မေးမြန်းလေ့လာကြတယ်။ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ရိုးရာဝတ်စုံဝတ်ထားတဲ့ တိုင်းရင်းသားပြခန်းက အစ်ကို အစ်မတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ကြတယ်။ ဒီလိုပဲ ရိုးရာအသုံးအဆောင်ပစ္စည်းတွေကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ရိုးရာဝတ်စုံတွေက တန်ဖိုးကြီးတဲ့ပစ္စည်းတွေနဲ့ လုပ်ထားပြီးတော့ ကြည့်ရတာဆန်းတယ်။ ရိုးမသွားဘူး။ ဒါကို လေ့လာရတော့ အရင်ရှေးကတည်းက ခေတ်မီတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားလူမျိုးတွေလို့ ခံစားမိတယ်" ဟု ပွဲတော်လာရောက်လေ့လာသူ မဝတ်ရည်က ပြောသည်။

ကလေးစာပေပွဲတော်(မြစ်ကြီးနား) တွင် တိုင်းလုံ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းဆာ၊ တိုင်းခမ်းတီ၊ ဂျိန်းဖော၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး၊ လာချိဒ်၊ လော်ဝေါ် စသည့် တိုင်းရင်းသားများ၏ စာပေနှင့်ရိုးရာယဉ်ကျေးမှုပြခန်းများ ပါဝင်ပြသထားကြောင်း သိရသည်။

"ဒီလို ကလေးစာပေပွဲတော်မှာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုတွေ ပါဝင်ပြသရတာ ကောင်းပါတယ်။ ဒီမှာ ရိုးရာစာပေနဲ့ ယဉ်ကျေးမှုဓလေ့တွေကို ပြတော့ အားလုံးက စိတ်ဝင်တစားနဲ့ လာပြီး လေ့လာကြတယ်။ ကလေးတွေဆိုရင် သေသေချာချာ မေးမြန်းပြီး လေ့လာကြတယ်။ သူတို့ကိုယ်တိုင်လည်း ဒီလိုလေ့လာကြရင်းနဲ့ ဒါတို့တိုင်းရင်းသားတွေရဲ့ ရိုးရာ ယဉ်ကျေးမှုတွေဆိုပြီး ပြောနေကြတာ ကြားတော့ ဝမ်းသာမိတယ်။ တန်ဖိုးထားတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်" ဟု ပြခန်းတွင် ပါဝင်ပြသသည့် တိုင်းလေစာပေ ယဉ်ကျေးမှု ပြခန်းမှ မနန်းမြင့်ခေါ်က ပြောကြားသည်။



ပွဲတော်လာ တိုင်းရင်းသူလေးများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွင် ပြသထားသည့် တူရိယာများကို စိတ်ဝင်တစား တီးခတ်နေစဉ်။

"ကျွန်မတို့ ပြခန်းမှာ စာပေနဲ့ ပတ်သက်ပြီး ပြသထားပါတယ်။ ဒီလိုပြသရာမှာ ရှေးအရင်က သုံးခဲ့တဲ့ စာပေနဲ့ အခုခေတ် ပြန်ပြီးမွမ်းမံပြုပြင်ထားတဲ့ စာတွေကိုလည်း ပြသထားပါတယ်။ ရှေးအရင်က သုံးခဲ့တဲ့ ပေစာ၊ ပုရပိုက်စာတွေကိုလည်း ပြသထားပါတယ်။ ကျွန်မတို့မျိုးနွယ်တွေ အရင်ကနေ အခုအထိ သုံးနေတဲ့ ငါးဖမ်းတဲ့ပစ္စည်းတွေ၊ ချက်ပြုတ်တဲ့နေရာမှာ သုံးစွဲတဲ့ပစ္စည်းတွေကို ပြသထားပါတယ်။

**အရွယ်အလိုက် ပြောင်းလဲဝတ်စား**

"ကျွန်မတို့မှာ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတာတွေလည်း ရှိပါတယ်။ အမျိုးသားတွေကတော့ ကလေးကနေ လူကြီးအထိ ဝတ်စားဆင်ယင်မှုတူပါတယ်။ အမျိုးသမီးတွေမှာ အရွယ်အလိုက် ပြောင်းလဲဝတ်စားဆင်ယင်တာမျိုး ရှိပါတယ်။ မိန်းကလေး ကလေးအရွယ်ဆို အင်္ကျီ၊ ဘောင်းဘီနဲ့ ပတ်ထဘီအတိုကို ဝတ်စားဆင်ယင်ကြတာမျိုးရှိတယ်။ အပျိုအရွယ်ဆို ခေါင်းပေါင်းနဲ့ ရောင်စုံပါတဲ့ ရိုးရာအင်္ကျီဝတ်ကြတယ်။ အိမ်ထောင်သည် အမျိုးသမီးဖြစ်သွားပြီဆိုရင် ရောင်စုံပါတဲ့ ရိုးရာအင်္ကျီမဟုတ်တော့ဘဲ ခေါင်းပေါင်းနဲ့ အဖြူရောင်၊ ခဲရောင် ဒါမျိုးတွေ ဝတ်ကြပါတယ်။ လက်ဝတ်ရတနာဆိုရင်လည်း ငွေနဲ့ လုပ်ထားတဲ့ လက်ဝတ်ရတနာတွေကို ဝတ်ကြပါတယ်" ဟုလည်း မနန်းမြင့်ခေါ်က ဆက်လက်ပြောကြားသည်။

လီဆူစာပေနှင့် ယဉ်ကျေးမှုပြခန်းတွင် ရိုးရာရက်ကန်း ရက်လုပ်ပြသည့်အတွက် ကြည့်ရှုလေ့လာသူများပြားပြီး ပြခန်းမှ ကိုဇော်ဝူက "ကျွန်တော်တို့ ပြခန်းမှာ ရိုးရာရက်ကန်း ရက်လုပ်ခြင်းလုပ်ငန်းကို သရုပ်ပြပြီး ရက်လုပ်ပြတယ်။ ဒီလိုရက်လုပ်ပြတာကို သေချာစိတ်ဝင်တစား လာပြီးလေ့လာကြတယ်" ဟု ပြောသည်။

အလားတူ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း တွဲဖက်အတွင်းရေးမှူး ဦးရင်ထန်ခင်ကလည်း ပြခန်းပါဝင်ပြသမှုနှင့် စပ်လျဉ်း၍ "ရဝမ်စာပေနဲ့ ပတ်သက်တာတွေကို ကလေးတွေက လာလေ့လာကြတယ်။ ပြီးတော့ ရိုးရာအသုံးအဆောင်ထဲမှာ ရေပန်းစားတဲ့ ဝါးနဲ့ကြိမ်နဲ့ ရက်လုပ်ထားတဲ့ လွယ်အိတ်လေးတွေကိုလည်း ပြသထားတယ်။ ဒါကို လာကြည့်တဲ့သူတွေက စိတ်ဝင်စားကြတယ်။ ရဝမ်ရိုးရာ ခေတ်ဟောင်း၊ ခေတ်ပေါ် အဝတ်အစားတွေကို တတ်နိုင်သလောက် စုစည်းပြသထားတယ်။ ကျွန်တော်တို့ ရိုးရာဝတ်စုံတွေမှာ သူ့အဓိပ္ပာယ်နဲ့သူ ရှိပါတယ်။ ရဝမ်အမျိုးသားတွေဆောင်းတဲ့ ဦးထုပ်မှာဆိုရင် အမဲလိုက်လို့ရလာတဲ့ တောဝက်အစွယ် တပ်ဆင်ကြတယ်။ ဒီတောဝက်အစွယ်ရဲ့ အရှည်အတိုင်းအတာကိုကြည့်ပြီး ဦးထုပ်ရဲ့တန်ဖိုးကို အလေးထားဆုံးဖြတ်ကြတယ်" ဟု ပြောကြားသည်။

ကလေးစာပေပွဲတော်(မြစ်ကြီးနား) ကို ဇန်နဝါရီ ၂၀ မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

**ရှင်မင်း၊ ဓာတ်ပုံ-ထိန်နန်နေ**

---

# ကလေးစာပေပွဲတော်မှာ ကဏ္ဍအစုံတွေ့ရတယ်၊ အဘက်ဘက်က ဗဟုသုတတွေ ရရှိစေတယ်၊ ကလေးတင်မဟုတ်ဘူး၊ လူကြီးတွေအတွက်လည်း အများကြီးအကျိုးရှိပါတယ်။

**ဦးရမ်နော်ဒီး**



ဦးမျိုးမြင့်ကျော်စွာ (ဦးစီးအရာရှိ)



မောင်ရမ်နော်ခန်ဆာရိုး



ဦးရမ်နော်ဒီး



L ခွန်နန်းမွန်း (ဒု-ကျောင်းအုပ်)



မနုနုအောင်



မဂျာဆိုင်းအောင်

**ကလေးစာပေပွဲတော်(မြစ်ကြီးနား) ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲတော်သို့ တက်ရောက်လာသူများ ပြောကြားခဲ့သည့် စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**

**ဦးမျိုးမြင့်ကျော်စွာ (ဦးစီးအရာရှိ)**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန**

ကလေးစာပေပွဲတော်မှာ ပါဝင်တဲ့ ကစားနည်းတွေက ကလေးတွေ အများစုကြိုက်ကြတဲ့ ကစားနည်းတွေပါ။ ၁၀ မျိုးလောက် ပါဝင်ပါတယ်။ တစ်ပွဲပြီး တစ်ပွဲ၊ တစ်မျိုးပြီးတစ်မျိုး ကလေးတွေ မရိုးအောင်၊ စိတ်ဝင်စားအောင် ကစားနည်းတွေကို ကျင်းပပေးပါတယ်။ ဒီလို ကစားနည်းတွေထဲမှာ ကလေးတွေ အဖွဲ့လိုက် စုပေါင်းလုပ်တတ်အောင်၊ အစုအဖွဲ့နဲ့ ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ရအောင် ကစားစေတဲ့ ကစားနည်းတွေလည်း ပါပါတယ်။ ကလေးတွေကလည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ကစားကြတယ်။

ဒီလို ကလေးစာပေပွဲတော်မှာ ကလေးတွေအတွက် ပြိုင်ပွဲလေးတွေ ထည့်သွင်းကျင်းပရာမှာ ဆရာ ဆရာမတွေ အကြံပြုတာ၊ ကလေးတွေ အကြံပြုတာတွေကို ထည့်သွင်းပါတယ်။ ကလေးစာပေပွဲတော် ပထမအကြိမ် ကျင်းပတုန်းကဆို ကစားနည်း ငါးနည်းလောက်ပဲရှိတယ်။ ဒီနောက်ပိုင်းမှာ တစ်ပွဲပြီးတစ်ပွဲ အားကစားနည်းတွေ တိုးလာပါတယ်။ ဒေသအလိုက်ကစားတဲ့ ကစားနည်းတွေကိုလည်း ထပ်ပြီးထည့်သွင်းတဲ့အတွက် ကစားနည်းတွေလည်း များလာပါပြီ။

**မောင်ရမ်နော်ခန်ဆာရိုး**
**ကျောင်းသား၊ အ.လ.က လေ့ကျင့်ရေးကျောင်း**

ကျွန်တော့်အတွက် အဖေက စာအုပ်တွေ အများကြီးဝယ်ခဲ့ပါတယ်။ ပတ်ဝန်းကျင် ဗဟုသုတတွေလည်း အများကြီးရတယ်။ အသိပညာပေး ပြခန်းတွေကနေ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းနဲ့ လူကုန်ကူးမှုအကြောင်းတွေ သိခဲ့ရတော့ အသိပညာတွေ အများကြီး ရခဲ့ပါတယ်။ နောင်နှစ်တွေမှာလည်း လာချင်ပါတယ်။ ကျွန်တော်က ကလေးစာပေပွဲတော် အားကစားပြိုင်ပွဲတွေမှာ ကလေးတွေအတွက် သံပုံးရိုက်ပြိုင်ပွဲ ပါစေချင်တယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေက အဲဒီကစားနည်းကို ကြိုက်ကြတယ်။

*စာမျက်နှာ ၁၂ သို့*

# ယက္ခပူရ ယဉ်ကျေးမှုအလှ စာအုပ်အပေါ် စာရေးသူစာဖတ်သူ ဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၀**

ဆရာ ဝိသဇ္ဇက (ပဲခူး)၏ ယက္ခပူရ ယဉ်ကျေးမှုအလှ စာအုပ်အပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ သုံးသပ်ဆွေးနွေးခြင်း၊ စာရေးသူ၊ စာဖတ်သူဆွေးနွေးပွဲကို ပဲခူးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ယနေ့ ကျင်းပသည်။

ယင်းစာအုပ်မှာ ၂၀၁၅ ခုနှစ် စာပေဗိမာန်စာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရစာအုပ်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ပထမအကြိမ်အုပ်ရေ ၁၀၀၀ ပုံနှိပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစာအုပ်အပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ကာ ရေးသူဖတ်သူတို့ အပြန်အလှန် ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် မြန်မာစာပေ ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် သမိုင်းစာမျက်နှာ တိကျစေခြင်းအလို့ငှာ စာရေးသူက လူမျိုးတစ်မျိုး၏အကြောင်းကို သမိုင်းစဖော်ထုတ်ရာတွင်လည်း တိကျမှန်ကန်စေလို၍ ဆွေးနွေးကြရန် တင်ပြထားခြင်းဖြစ်ကြောင်း၊သမိုင်းစာအုပ်တစ်အုပ် ဖန်တီးရာ၌ အမှန်ဖြစ်စေမှုအပြင် စာဖတ်သူများစိတ်ဝင်စားအောင် ကြိုးစားထားကြောင်း စာရေးသူက ပြောကြားသည်။

ထို့နောက် စာဖတ်သူ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့မှ တက်ရောက်သူများနှင့် ဆွေးနွေးကြပြီး စာဖတ်သူဆရာ ဦးကောင်းညွန့်က အချင်းချင်းရင်းနှီးမှု၊ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်မှုရနိုင်ကြောင်းနှင့် တစ်ဦးအကြောင်း တစ်ဦးက သဘောပေါက်နားလည်လျှင် ဆက်ဆံမှု ပြေပြစ်နိုင်ကြောင်း ယင်းသို့ သဘောပေါက်နားလည်ချိန်မှာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကိုလည်း သိရှိကြမှာဖြစ်ကြောင်း၊ မှတ်သားဖွယ်ရာအဖြစ် လောက၌ အချစ်အမျိုးမျိုးရှိသည့်အနက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသနှင့် ကိုးကွယ်ရာဘာသာအပြင် အခြားအချစ်မရှိကြောင်းနှင့် မျိုးနွယ်စုမှတ်တမ်းကို ညွှန်းဆိုပြောကြားသည်။

ရေးသူ၊ ဖတ်သူဆွေးနွေးပွဲကို ပဲခူးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် လစဉ် တစ်လ တစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၁၄၂


ပဲခူးမြို့စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း၏ စာရေးသူ၊ စာဖတ်သူ ဆွေးနွေးပွဲ ကျင်းပစဉ်။


ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)၏ စာအောင်ဆုနှင်းပွဲ ကျင်းပစဉ်။

# ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်)၏ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်း ဒသမအကြိမ် စာအောင်ဆုနှင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ (နေပြည်တော်)၏ ဒသမအကြိမ် စာအောင်ဆုနှင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အမှတ်(၅) အ.ထ.က တွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနဉပတ္ထမ္ဘကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်ပြီး ဩဝါဒကထာ သီလပေးတရားတော်များ ချီးမြှင့်၍ ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းများ၏ သင်တန်းမှူးဆရာမကြီး မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မဗျူဟာ ဒေါ်ခင်လှတင်က ပေးပို့သော ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက် သဝဏ်လွှာအား ဆရာမဒေါ်ခင်အုန်းမြင့်က လျှောက်ထားတင်ပြသည်။

ထို့နောက် ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်)၏ အတွင်းရေးမှူး ဒေါ်သန်းသန်းဌေးက ဓမ္မဗျူဟာ (နေပြည်တော်)၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ လျှောက်ထားတင်ပြပြီး အဘိဓမ္မာ၊ အဘိဓမ္မ (ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသောသူ ၁၇ ဦး၊ စာဖြေဌာနထူးချွန်ဆုရရှိသူ ၂၆ ဦးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်းနှင့် ယခုနှစ် အဘိဓမ္မာ၊ အဘိဓမ္မ (ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် စာအောင် ပုဂ္ဂိုလ် ၂၆၄ ဦးရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

---

*စာမျက်နှာ ၁၁ မှ*

**ဦးရမ်နော်ဒီး**
**ကျောင်းသားမိဘ**

အခုလို ကလေးစာပေပွဲတော်မျိုးတွေ လုပ်ပေးတာ တော်တော်ကောင်းပါတယ်။ တိုင်းပြည် တိုးတက်ပြောင်းလဲတာနဲ့အမျှ ကလေးတွေအတွက် အဘက်ဘက်မှာ စာပေဗဟုသုတ၊ အသိဉာဏ် ဗဟုသုတတွေ ရအောင်လုပ်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ကလေးစာပေပွဲတော်ဆိုပေမယ့် ကဏ္ဍအစုံ တွေ့ရပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တာတွေ၊ ပညာရေးနဲ့ ပတ်သက်တာ၊ အသိပညာပေးတာ အစုံတွေ့ရတဲ့အတွက် ကလေးတွေကို အဘက်ဘက်က ဗဟုသုတတွေ ရရှိစေပါတယ်။ အများကြီးအကျိုးရှိပါတယ်။ ကလေးတင်မဟုတ်ဘူး၊ လူကြီးတွေအတွက်လည်း အများကြီးအကျိုးရှိပါတယ်။

**L ခွန်နန်းမွန်း (ဒု-ကျောင်းအုပ်)**
**GREEN HILLS ACADEMY**
**ကိုယ်ပိုင်မူလတန်းကျောင်း**

ကလေးတွေဟာ ပတ်ဝန်းကျင်ကနေ အများကြီးသင်ယူပါတယ်။ ဒါကြောင့် ဒီလို ကလေးစာပေပွဲတော် လုပ်ခြင်းအားဖြင့် ကလေးတွေဟာ ထိတွေ့လို့မရပေမယ့် အများကြီး သင်ယူရရှိမှာပါ။ ဒီလိုကလေးစာပေပွဲတော်တွေ ကလေးတွေအတွက် လိုအပ်ပါတယ်။ ကျွန်မအမြင်ကတော့ ကလေးစာပေပွဲတော်တွေ နှစ်တိုင်းလုပ်နိုင်ရင် ကောင်းတယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနက ကျွန်မပြောသလို ဒီကနေကလေးတွေ သင်ယူသွားတာကို ကျွန်မတို့ မမြင်ရပေမယ့် အကျိုးကျေးဇူးအားဖြင့်တော့ အများကြီးရှိပါတယ်။ အတွေ့အကြုံတွေရတယ်၊ အချင်းချင်း ခင်မင်ရင်းနှီးမှုရတယ်၊ ကျောင်းအချင်းချင်း တစ်ခါတည်း စုပြီးတော့ တွေ့ရတယ်။ ဒါတွေက သူတို့အတွက်အင်မတန်ကောင်းတဲ့ လူမှုဘဝတည်ဆောက်မှုထဲမှာ ပါတဲ့ အရာတွေလို့ ထင်ပါတယ်။

**မနုနုအောင်**
**သတ္တမတန်း၊ ILBC**

ပထမဆုံးအကြိမ် လုပ်တာဆိုတော့ လေ့လာစရာများတယ်။ အသိပညာပေးပြခန်းတွေ အများကြီးပါတော့ အများကြီး လေ့လာရပါတယ်။ ပြခန်းတွေကလည်း တစ်ခုနဲ့တစ်ခု မတူတဲ့အတွက် ဗဟုသုတ အများကြီးရပါတယ်။ မနက်ဖြန်လည်း ထပ်လာပြီး လေ့လာဦးမှာပါ။

**ဒေါ်ချိုချိုအေး**
**ကျောင်းသားမိဘ**
**ဝိုင်းမော်မြို့**

ဒီပွဲတော်ကြီးကို လာရတာ တော်တော်ကို ကြည်နူးမိတယ်။ ကလေးတွေအတွက် လေ့လာစရာ စာအုပ်တွေလည်း ပေါတယ်။ ကလေးတွေတင် မဟုတ်ပါဘူး။ လူကြီးတွေအတွက်လည်း ဖတ်စရာ၊ လေ့လာစရာ စာအုပ်တွေ အများကြီးပါ။ လေ့လာစရာတွေများတော့ အများကြီး ဗဟုသုတရတာပေါ့။ ကလေးမိဘ တစ်ယောက်အနေနဲ့ ကြည်နူးမိတယ်။ သူတို့ငယ်ဘဝအတွက် အမှတ်တရလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကလေးစာပေပွဲတော်တွေကို တစ်ခါ လုပ်ပြီး ပြီးသွားတာမျိုးမဟုတ်ဘဲ နောက်နှစ်တွေမှာလည်း ကျင်းပစေချင်တယ်။ တကယ်ဆို ပွဲတော်ကျင်းပတဲ့ သုံးရက်စလုံး နေ့တိုင်း ပို့သင့်ပါတယ်။ ဒါပေမယ့် မနက်ဖြန်ဆို ကျောင်းဖွင့်မှာဖြစ်တဲ့အတွက်ကြောင့်မို့ ဒီနေ့ တစ်ရက်တည်း လာရတာပါ။ ဒီနေ့တစ်ရက်တည်း လာရပေမယ့် ဒီပွဲတော်ကနေ ဗဟုသုတ အများကြီးရခဲ့တဲ့အတွက် ကျေနပ်ပါတယ်။

**မဂျာဆိုင်းအောင်**
**ကျောင်းသား**
**အထက-၉ မြစ်ကြီးနား**

ကလေးစာပေပွဲတော်ကို သူငယ်ချင်းတွေနဲ့ လာပါတယ်။ စာပေနဲ့ ပန်းချီတွေကို လာရောက်လေ့လာ ဖြစ်ပါတယ်။ စာအုပ်တွေလည်း ဝယ်ပါတယ်။ စက္ကူခေါက်ပြိုင်ပွဲလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

**မသူဇာ**
**ကျောင်းသူ၊ အ.ထ.က -၅**

စာပေပွဲတော်ကို လာရောက်ခွင့်ရတာ ဝမ်းသာပါတယ်။ သူငယ်ချင်းရှစ်ယောက်နဲ့ အတူတူလာခဲ့တာပါ။ သူငယ်ချင်းတွေက ပြိုင်ပွဲတွေပါဝင်ပြီးပြိုင်ကြတယ်။ ကျွန်မကတော့ ပြိုင်ပွဲတော့ ဝင်မပြိုင်ဖြစ်ဘူး။ ဖတ်စရာ စာအုပ်တွေက အများကြီးဆိုတော့ ကိုယ်ကြိုက်တာပဲ လိုက်ရှာဖတ်ဖြစ်တယ်။ ပထမဆုံးကျင်းပတာမှာ လာရတာဖြစ်တဲ့အတွက် စိတ်လည်း လှုပ်ရှားတယ်။ ဒီကျတော့လည်း ကျောင်းသား ကျောင်းသူတွေ အများကြီးတွေ့ရတော့ ပျော်တယ်။

**မောင်ဆွတ်ရိန်နော်**
**ကျောင်းသား၊ အထက-၇**

ကျွန်တော်က ဆန်ကောရွက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပါဝင်ယှဉ်ပြိုင်တဲ့အတွက် လက်ဆောင်ရခဲ့ပါတယ်။ ဒီလိုပါဝင်ယှဉ်ပြိုင်တိုင်း ပါဝင်ယှဉ်ပြိုင်တဲ့သူတွေကို လက်ဆောင်ပြန်ပေးပါတယ်။ မနက်အစောကြီးကတည်းက အမေနဲ့ လာခဲ့တာပါ။ ပြိုင်ပွဲတွေလည်း အားလုံးကြည့်ပြီးပြီ။ ပြခန်းတွေ၊ စာအုပ်အရောင်းဆိုင်တွေလည်း ကြည့်ပြီးပါပြီ။ အိမ်ကျရင်ကစားဖို့ အရုပ်ဆက်တဲ့အရုပ်တွေ ဝယ်ခဲ့ပါတယ်။

**ဒေါ်ရွှယ်အောင်**
**ကလေးမိဘ**

မနက် ၇ နာရီကတည်းက လာခဲ့တာပါ။ ဒါပေမယ့် အဝင်ဝမှာ ဖွင့်ပွဲအခမ်းအနားမို့ လူကျပ်နေတာနဲ့ ပွဲတော်ဝင်ခွင့် စတစ်ကာ မရတာနဲ့ အကြာကြီး စောင့်ရသေးတယ်။ ဒါပေမယ့် သားကလည်း လာချင်တယ်။ ကျွန်မကလည်း မိဘအနေနဲ့ သားကို ဗဟုသုတရအောင် ပို့ပေးချင်တယ်။ ကိုယ်တွေတုန်းက မကြုံခဲ့တော့ သားကို ကြုံစေချင်တယ်။ ဗဟုသုတတွေ ရစေချင်တယ်။ ပြိုင်ပွဲမှာ သားက လက်ဆောင်ရပြီး ပျော်နေတာ မြင်ရတော့ ကျေနပ်ပီတိဖြစ်မိတယ်။

**ဆရာမ ဒေါ်ဝါဝါအောင်**
**အထက(၃)**
**မြစ်ကြီးနား**

ကလေးစာပေပွဲတော်က ကလေးတွေအတွက်ကတော့ အထောက်အကူ အများကြီးရပါတယ်။ အခုဒီလိုမျိုး ကျင်းပတဲ့အခါ ကလေးတွေ ပြသထားတဲ့ ပြခန်းတွေကြည့်ရတယ်။ ပြီးတော့ ဗဟုသုတဖြစ်တဲ့ စာအုပ်တွေ ကလေးတွေ ဖတ်ခွင့်ရတယ်။ ဝယ်ယူခွင့်ရတယ်။ မြစ်ကြီးနားမှာ တချို့စာအုပ်တွေက မရဘူး။ ကလေးစာပေပွဲတော်မှာ စာအုပ်အရောင်းဆိုင်တွေပါတော့ စုံအောင် ဝယ်ယူခွင့်ရတယ်။

ပြီးတော့ ကလေးတွေက ကျောင်းပေါင်းစုံပါဝင်ကြတော့ ပျော်နေကြတယ်။ ရိုးရာအကတွေကို ကလေးတွေက ဖွင့်ပွဲမှာ ကရတော့ ပျော်နေကြတယ်။ ကျွန်မတို့ ကျောင်းကဆို အကလေးဖွဲ့လောက်ပါတယ်။ သူတို့လေးတွေ တက်တက်ကြွကြွရှိတဲ့ အခါကျတော့ ဆရာမတစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်မိတယ်။

**အောင်မင်းဟန်**
**ဓာတ်ပုံ-ထိန်နန့်၊ သက်လွင်**

❍ *ကျောဖုံးမှ*

အားထည့်လာပြီး ရောဝတီနောက်တန်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ရောဝတီအသင်းအတွက် ဒုတိယဂိုးကို ၈၆ မိနစ်တွင် ရန်ပိုင်စိုးက သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက Chinland အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ဂိုးပြတ်နိုင်ပွဲ ထပ်မံရယူနိုင်ခဲ့ပြီး ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့ပြီး ၂၁ မိနစ်တွင် ဆယ်လာက အဖွင့်ဂိုး သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုစိုးမိုးသွားပြီး ၂၂ မိနစ်တွင် မောင်မောင်လွင်၊ ၃၉ မိနစ်တွင် ကြည်လင်းနှင့် ၄၄ မိနစ်တွင် ဆယ်လာတို့က သွင်းယူခဲ့သည်။ Chinland အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၉ မိနစ်တွင် ပယ်နယ်တီမှတ်ဆင့် ဇော်လင်းက သွင်းယူခဲ့သည်။ မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၅၄ မိနစ်တွင် လားဒင်မောရက သွင်းယူပေးခဲ့သည်။

**ညီမြတ်သော်တာ**

✽ *ကျောဖုံးမှ*

ကင်ညာနိုင်ငံသား ဂျိုးဇက် လာရောက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ချန်ပီယံသစ်ထွက်ပေါ်ကာ ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်မှာ ဆုကြေးချီးမြှင့်သည့် ပြိုင်ပွဲအားလုံးတွင် ကင်ညာအပြေးသမားများ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် သုံးကီလိုမီတာပြိုင်ပွဲဖြစ်သည့် (Fun Run) ကိုလည်း ထည့်သွင်းကျင်းပရာ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲထက် ကျန်းမာရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအတွက် အဆင်ပြေသည့် ပြိုင်ပွဲအမျိုးအစား ဖြစ်ခဲ့သည်။

ယင်းကဲ့သို့ အလွှာပေါင်းစုံ အရွယ်စုံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်အရေအတွက် များပြားလာခြင်းဖြစ်သည်။ ကင်ညာအပြေးသမားများသည် ပြိုင်ပွဲအားလုံးတွင် ဗိုလ်စွဲနိုင်ခဲ့သလို ပထမ၊ ဒုတိယနှင့် တတိယဆုများကိုလည်း ရယူနိုင်ခဲ့သည်။ ပြိုင်ပွဲအပြီး တွင် ၄၂ ကီလိုမီတာနှင့် ၂၁ ကီလိုမီတာ အမျိုးသား အမျိုးသမီး ပြိုင်ပွဲတွင်လည်း ကင်ညာနိုင်ငံသားကစားသမားများ ဗိုလ်စွဲခဲ့သည်။ ၁၀ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုကို ကင်ညာကစားသမားများကရရှိပြီး၊ အမျိုးသမီး ၁၀ ကီလိုမီတာတွင် ကင်ညာက ပထမ၊ ဒုတိယဆုကို ရရှိပြီး တတိယဆုကို မြန်မာကရရှိခဲ့ကြောင်း သိရသည်။ ဆုကြေးများအဖြစ် အမျိုးသား၊ အမျိုးသမီး ၄၂ ကီလိုမီတာ ပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၂၇၀၀၊ ဒုတိယဆုဒေါ်လာ ၁၄၀၀၊ တတိယဆု ဒေါ်လာ ၉၀၀၊ အမျိုးသား၊ အမျိုးသမီး ၂၁ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၁၆၀၀၊ ဒုတိယဆု ဒေါ်လာ ၉၀၀၊ တတိယ ဆုဒေါ်လာ ၅၀၀၊ အမျိုးသား၊ အမျိုးသမီး ၁၀ကီလိုမီတာပြိုင်ပွဲတွင် ပထမဆုဒေါ်လာ ၈၀၀၊ ဒုတိယဆုဒေါ်လာ ၄၀၀၊ တတိယဆု ဒေါ်လာ ၂၅၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများအား ဖွင့်လှစ်ပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၁-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၈း၃၅ - "ဒေသခံပြည်သူများအတွက် အကျိုးများစေမည့် ချင်းတောင်တန်းမှ သီကီရ် ရေလှောင်တမံဆီ"
၉း၁၅ - BBC Click
၁၁း၀၀ - လုံမမှတ်စု (၇၁)
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၄း၃၅ - Tasty Trip

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၁၇း၀၅ - This Week's Special Interest
၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်း ဆေးပညာအစီအစဉ် "တိုင်းရင်းဆေးဝါး ဆိုသည်မှာ"
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အချိုအချောင် ဆွဲထားလိုက်" ဝေဖြိုးဟိန်း၊ ခင်ဖြူဖြူသန့်၊ ဦး စံပေါ်၊ ကိုချစ်ဦး၊ ဒေါ်မို့မို့သိန်း၊ အေးချမ်းမြတ်ဖြိုး၊ ဘုန်းမင်းပိုင်၊ အော်ပီကျယ်၊ တော်မီလှိုင်၊ သူရ ဒါရိုက်တာ- ဝေဠု (ဝသန်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "**မဟာကာလီ**" (အပိုင်း - ၇၆)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ဖွံ့ဖြိုးတိုးတက်လာတဲ့ ချင်းတောင်တန်းပေါ်က သီကီရ်ကျေးရွာ"
- "ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးသန်ချဆေးပေါင်း တိုက်ကျွေးပေး"(အပိုင်း-၂)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၃၆)

## မြစ်ကြီးနား၌ ဂက်စ်အိုးပေါက်ကွဲ၍ တစ်ဦးဒဏ်ရာရ

**မြစ်ကြီးနား ဇန်နဝါရီ ၂၀**

မြစ်ကြီးနားတက္ကသိုလ်အတွင်း ယနေ့ နံနက် ၆ နာရီက မိုးပျံပူဖောင်းပြုလုပ်နေစဉ် ဂက်စ်အိုးပေါက်ကွဲပြီး မြစ်ကြီးနားမြို့ရန်ကြီးအောင်ရပ်ကွက် ရန်အောင်မြင်လမ်းနေ ဒေါ်နန်းနွယ်တွင် မျက်နှာ၊ ရင်ဘတ်နှင့် လက်တို့တွင် ဒဏ်ရာရရှိခဲ့သဖြင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသလျက်ရှိသည်။

လူနာအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ဆေးရုံသို့သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ အထောက်အထားမဲ့ဝင်ရောက်လာသူ ၁၅ ဦးနှင့် လိုက်ပါပို့ဆောင်သူခြောက်ဦး ဖမ်းမိ

**မင်းလှ ဇန်နဝါရီ ၂၀**

မင်းလှမြို့နယ်ရဲတပ်ဖွဲ့ ရေနံမနယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးမင်းထွန်း၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ရဲနိုင်မြင့်၊ သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်သိန်းမင်း ဦးစီးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်တွင် မင်းလှမြို့နယ်မှ ပုသိမ်-မုံရွာ ကားလမ်းမအတိုင်း မင်းတုန်းမြို့နယ်ဘက်သို့ မောင်းနှင်သွားသည့်ယာဉ်ကို မသင်္ကာ ဖွယ်တွေ့ရှိ၍ လိုက်လံရှာဖွေခဲ့ရာ မင်းတုန်းမြို့နယ် အလယ်ချောင်းကျေးရွာအနီးတောစပ်တွင် 2P/ Caraban ယာဉ်ပါနှစ်စီးနှင့်အတူ အထောက်အထားမဲ့ဝင်ရောက်လာသူ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦးနှင့် လိုက်ပါပို့ဆောင်သူ ခြောက်ဦးတို့အား တွေ့ရှိဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူမှာ အထောက်အထားမဲ့ ဝင်ရောက်လာသူများဖြစ်သည့် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၅ ဦး တို့အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လည်းကောင်း လိုက်ပါပို့ဆောင်သူ အမျိုးသားခြောက်ဦးတို့အား မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှ လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**မြန်မာ့အလင်း**

## ချောင်းဆုံမြို့နယ်၌ ကျေးရွာအုပ်ချုပ်ရေးမှူးအား ဓားဖြင့်ထိုးပြီးထွက်ပြေးသူအား ဖမ်းမိ

**ချောင်းဆုံ ဇန်နဝါရီ ၂၀**

ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ဇန်နဝါရီ ၁၉ ရက် ည ၁၀ နာရီခန့်က ကျေးရွာအုပ်ချုပ်ရေးမှူးအား ဓားဖြင့်ထိုးပြီး ထွက်ပြေးသူအား ရဲတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာ အထကကျောင်းအနီး ဘောလုံးကွင်းဘေး၌ လူတစ်ဦး ဓားကိုင်လာသည်ကို ကျေးရွာအုပ်ချုပ်ရေးမှူးက သွားရောက်တားမြစ်ရာ ဓားဖြင့်ပြန်လည်ခုခံသဖြင့် အုပ်ချုပ်ရေးမှူး ဦးမွန်တွင် ဒဏ်ရာများရရှိပြီး မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ထားရသည်။

**ဖမ်းဆီးရမိ**

ပြစ်မှုကျူးလွန်သူအား ဝိုင်းဝန်းဖမ်းဆီးစဉ် ထွက်ပြေးသွားခဲ့ပြီး ကညော်ရဲကင်းစခန်းမှူး ဒုရဲအုပ်မျိုးကိုနှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲခန့်က မော်လမြိုင်မြို့ မုပွန်ရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဖမ်းဆီးရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ချောင်းဆုံမြို့နယ် ရပ်ကွက်(၁၁) မုဒွန်းရွာနေသူ လင်းစိုး(ခ)လင်းထက်(ခ)အဖု(၃၉ နှစ်)အား ချောင်းဆုံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## မူဆယ်၌ အရှိန်လွန်ယာဉ်က ဝင်ရောက်တိုက်မိသဖြင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**မူဆယ် ဇန်နဝါရီ ၂၀** - မူဆယ်မြို့တောင်ရပ်ကွက် မင်္ဂလာမူဆယ်-သိန်းသန်းချီကားကြီးဝင်း မြို့ပတ်ကမ်းနားလမ်းပေါ် မင်္ဂလာအောင်မြေလမ်းသွယ်လမ်းဆုံတွင် ဇန်နဝါရီ ၁၉ ရက်က ယာဉ်မောင်း ကျန်ခန်ရီ(ခ) ဗိုလ်ဝင်းဦး(၂၃နှစ်)မောင်းနှင်လာသည့် MDY 6K- ----- ဆလွန်းယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးပလက်ဖောင်းပေါ်တွင် ထိုင်နေကြသည့် ရန်နိုင်ဦး(၂၀ နှစ်) နှင့် မမေဦး(၂၂ နှစ်)တို့ကို ဝင်ရောက်တိုက်မိရာ ရန်နိုင်ဦးတွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ပြီး မမေဦးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဖန်ရိုးထန်(ပြန်/ဆက်)**

## မောင်တောမြို့တွင် လှေတစ်စင်းနှင့် အထောက်အထားမဲ့ ဝင်ရောက်လာသူ တစ်ဦး ဖမ်းဆီးရမိ

**မောင်တော ဇန်နဝါရီ ၂၀**

မောင်တောမြို့နယ် ရွက်ညိုတောင်စခန်းကွပ်ကဲမှုးလက်အောက်ရှိ ရေတွင်းကျွန်းချောင်းဝအနီး ဇန်နဝါရီ ၂၀ ရက် နံနက် ၂ နာရီ ၁၀ မိနစ်က ရေတွင်းကျွန်းချောင်းအတွင်း အထောက်အထားမဲ့ ဝင်ရောက်လာသူတစ်ဦး လောင်းလှေဖြင့် ထွက်လာသည်ကို တွေ့ရှိသဖြင့် မီးအချက်ပြခေါ်ယူရာ ထွက်ပြေးသဖြင့် အမှတ်(၁၆) ရေယာဉ်စု မောင်တောမှ တပ်ကြပ်ကြီး ကျော်ကျော် ဦးဆောင်၍ လိုက်လံဖမ်းဆီးရာ ရေတွင်းကျွန်းချောင်းဝအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူမှာ ရေတွင်းကျွန်းကျေးရွာနေ နူရ်ဟာရှိမ်း(၄၆နှစ်) ဖြစ်ကြောင်း သိရသဖြင့် နူရ်ဟာရှိမ်းအား ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## မိုးမိတ်နှင့် မဘိမ်းမြို့နယ်တို့၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲက မိုးမိတ်မြို့နယ် မိုးမိတ်-မဘိမ်းကားလမ်း မိုင်တိုင်အမှတ်(၄/၃)အနီးတွင် ဆွယ်ဟိန်း မောင်းနှင်လာသည့် မစ်ဆူဘီရှီ ထရစ်တန်အမျိုးအစားမော်တော်ယာဉ်ကို ရှာဖွေရာ မော်တော်ယာဉ်၏ ကြမ်းခင်းနှင့် ဘေးပေါင်အံဝှက်များအတွင်းမှ ကာလတန်ဖိုး ငွေကျပ် ၄၆၂၄၂ သိန်းဖိုးရှိ ဆပ်ပြာခွက် ၂၂၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂ ဒသမ ၂၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ဒသမ ၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီတွင် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာအနီးရှိ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း မြစ်ကူးတံတား၌ ဝေလျှံအောင်(ခ) အမောင်လေးနှင့် မတင်ဇာခိုင်(ခ) မခက်ခက်ခိုင်တို့အား မစ်ဆူဘီရှီ ပါဂျဲရိုး မော်တော်ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



**မတင်ဇာခိုင်(ခ)မခက်ခက်ခိုင်၊ ဆွယ်ဟိန်း၊ ဝေလျှံအောင်(ခ)အမောင်လေးတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ဆီဆိုင်၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာအရှေ့တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၈ ဧကကို ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီး ပူးပေါင်းအဖွဲ့မှ ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ဖျက်ဆီးခဲ့သည်။

ထို့အတူ ဟိုပုံးမြို့နယ် ဒုလီတန်ကျေးရွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧက၊ ပင်လောင်းမြို့နယ် တပ်အုံကျေးရွာ၌ အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၃ ဒသမ ၅ ဧက ကိုလည်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဖားကန့်မြို့နယ်၌ လုယက်မှုနှင့် လူသတ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**ဖားကန့် ဇန်နဝါရီ ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းနယ်မြေရဲစခန်းမှူး ဒုရဲအုပ်စိန်မြင့်ထွန်း ဦးစီး၍ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သစ်လွင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဆန်ခါကျေးရွာ၊ မော်ပုံကျေးရွာနှင့် ကံဆီးကျေးရွာများရှိ စွန့်ပစ်မြေစာပုံများတွင် မကြာခဏ အုပ်စုဖွဲ့ဆိုးသွမ်းရမ်းကားနေသော လူငယ်တစ်စုအား ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သည့် မာလ(ခ) အောင်ဂျာဆိုင်း(၂၀နှစ်)နှင့် မာတူး(ခ) စိုင်းတူးတူး(၁၈နှစ်)တို့ ညီအစ်ကိုနှစ်ဦးအား စစ်ဆေးခဲ့ရာ လုယက်မှုကျူးလွန်၍ နယ်မြေရဲစခန်း(လုံးခင်း)မှ အမှုဖွင့်ထားသူများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**ထပ်မံပေါ်ပေါက်**

ထို့အပြင် မာတူး(ခ)စိုင်းတူးတူးသည် ၁၇-၁၂-၂၀၁၈ ရက် နံနက် ၃ နာရီခန့်က မော်ပုံကျေးရွာ ကျော်နိုင်စွန့်ပစ်မြေစာပုံ၌ ငြိမ်းချမ်းသာယာရပ်ကွက်နေသူ စိုးဦး(ခ)ပြည့်စုံ(ခ) ကုလားလေး(၂၂ နှစ်)အား ဓားဖြင့်ထိုးသတ်ခဲ့၍ နယ်မြေရဲစခန်း(လုံးခင်း)၌ အမှုဖွင့်ထားသူဖြစ်ကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

အဆိုပါ လူသတ်မှုတွင် မာတူး(ခ) စိုင်းတူးတူးနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် မော်ပုံကျေးရွာ လမ်းသွယ်(၇)မှ ယောဘီ(ခ)အဒီး (၁၇ နှစ်)၊ ငြိမ်းချမ်းသာယာရပ်ကွက်နေသူ ကိုရဲ(ခ)ရဲထွဋ်(၃၄ နှစ်)နှင့် ကံဆီးကျေးရွာနေ ပန်လှိုင်(၁၇ နှစ်)တို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် DT-125 ဆိုင်ကယ်တစ်စီး၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းတို့နှင့်အတူ ဇန်နဝါရီ ၁၉ ရက်က ဖမ်းဆီးနိုင်ခဲ့သဖြင့် လုံးခင်းနယ်မြေရဲစခန်း၌ ဆက်လက်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်နှင့် ရွှေလီကြိုးတံတားအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန် အရှေ့ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်က အင်းစိန်မြို့နယ် ဈေးကုန်း(အရှေ့)ရပ်ကွက် သီရိလမ်း ရပ်ရှင်ရုံရှေ့လမ်းတွင် မခိုင်ဆန်းနှင့် ဒေါ်မြအေးယဉ်တို့အား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရှိသဖြင့် အရေးယူထားရှိကာ ကွင်းဆက်အရ ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် ၎င်းတို့ငှားရမ်းနေထိုင်သည့် အင်းစိန်မြို့နယ် မုဒိတာအိမ်ရာ(၂) အခန်းအမှတ် ၈၇၄ ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၁၈၀ ကာလတန်ဖိုးငွေ ၂၂၂၅ ဒသမ ၄ သိန်းဖိုးနှင့် ငွေကျပ် ၂၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်း-မန့်ဝိန်းကြီး ကားလမ်း ရွှေလီကြိုးတံတားအနီးတွင် ဒေါ်ခေါန်ဖန်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ချီလီ၌ အင်အားပြင်းငလျင်လှုပ် နှလုံးရောဂါဖောက်ပြီး နှစ်ဦးသေဆုံး

**ဆန်တီယာဂို ဇန်နဝါရီ ၂၀**

ချီလီနိုင်ငံ အနောက်အလယ်ပိုင်းတွင် စနေနေ့က အင်အားပြင်း ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့က စနေနေ့တွင်ပြောကြားခဲ့သည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပွားချိန်တွင် လူနှစ်ဦးမှာ နှလုံးရောဂါဖောက်၍ သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖော်ပြခဲ့သည်။

ငလျင်သည် အနက် ၅၃ ကီလိုမီတာ( ၃၃မိုင်)ရှိပြီး ကိုကွင်ဘို အနောက်တောင်ဘက် ၁၅ ကီလိုမီတာအကွာခန့်ကို ဗဟိုပြုလျက် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိစစ်တမ်းအဖွဲ့က ပြောသည်။

ကိုကွင်ဘိုမှ သက်ကြီးပုဂ္ဂိုလ်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ငလျင်လှုပ်မှုကြောင့် နှလုံးရပ်ကာ သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ငလျင်လှုပ်မှုကြောင့် ကိုကွင်ဘိုရှိ အဝေးပြေးလမ်းများပေါ်တွင် မြေပြိုမှု အချို့ရှိကြောင်း သိရသည်။ ငလျင်သည် ဂရင်းနစ် စံတော်ချိန် ၁ နာရီ ၃၂ မိနစ်တွင် ဗယ်လ်ပါရေစို၊ အိုဟစ်ဂင်စ်နှင့် ဆန်တီယာဂိုမြို့တို့၌အပြင် အတာကာမာနှင့် ကိုကွင်ဘိုတို့တွင် လှုပ်သွားခဲ့သည်။

ငလျင်လှုပ်ခဲ့ပြီးနောက် နေအိမ်ထောင်ပေါင်းများစွာတို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့မှုက ငလျင်မည်မျှပြင်းထန်ကြောင်း ဖော်ပြနေသည်ဟု အမျိုးသားသဘာဝဘေးရုံးမှ ရီကာဒိုတိုရိုက ပြောသည်။ ကိုကွင်ဘိုဒေသသည် ၂၀၁၅ခုနှစ် ဒီဇင်ဘာလက ပြင်းအား ၈ ဒသမ၃ ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်ခဲ့ပြီးနောက် ဆူနာမီတစ်ခုဖြစ်ပွားခဲ့ရာ လူအများအပြား သေဆုံးခဲ့ရသည်။ ချီလီသည် ကမ္ဘာ့ငလျင်ဒဏ်ကြုံတွေ့မှုအများဆုံးနိုင်ငံများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဆော်ဒီ ဦးဆောင်မဟာမိတ်များ ဆာနားရှိ သူပုန်ပစ်မှတ်များကို ဖျက်ဆီး

**ရီယာ့ဒ် ဇန်နဝါရီ ၂၀**

ယီမင်၌ အစိုးရဘက်မှနေ၍ တိုက်ခိုက်နေသည့် ဆော်ဒီဦးဆောင်မဟာမိတ်အဖွဲ့သည် ဆာနားရှိ ဒရုန်းယာဉ်များအပါအဝင် သူပုန်အဖွဲ့ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးလိုက်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

### ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွား

ညသန်းခေါင်အချိန် ရိုက်ကူးထားသည့် သတင်းဓာတ်ပုံများအရ ၂၀၁၄ ခုနှစ်မှစတင်ကာ ဟူသီသူပုန်များလက်အောက်ကျရောက်ခဲ့ရသည့် ယီမင်မြို့တော် ဆာနားတွင် ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။

အီရန်မဟာမိတ်ဖွဲ့ထားသည့် ဟူသီတို့က အစိုးရထိန်းချုပ်ထားသည့် လာဟစ်ဂျ်ပြည်နယ်ရှိ ယီမင်၏ အကြီးဆုံးလေတပ်စခန်းကို ဒရုန်းဖြင့်တိုက်ခိုက်ခဲ့မှုအတွင်း သစ္စာတော်ခံ ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၀ ရက်အကြာတွင် ယခုတိုက်ခိုက်မှု ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

### စစ်ဆင်ရေးတစ်ခု ဆင်နွှဲခဲ့

ရီယာ့ဒ်၌ မဟာမိတ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာကီ အယ်လ် မာလီကီက မဟာမိတ်အဖွဲ့သည် ဆာနားရှိ အခြေစိုက်စခန်းခုနစ်ခုအပါအဝင် တပ်မတော်ပစ်မှတ်များစွာကို ဖျက်ဆီးသည့် စစ်ဆင်ရေးတစ်ခု ဆင်နွှဲခဲ့သည်။

ပစ်မှတ်များတွင် ဒရုန်းလေယာဉ် သိုလှောင်စခန်းနှင့် စမ်းသပ်ဧရိယာများ၊ လေ့ကျင့်ရေးစခန်းများနှင့် ဗုံးထုတ်လုပ်သည့်နေရာများပါဝင်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျနှင့် ၎င်း၏မဟာမိတ်များသည် အီရန်က သူပုန်များကို လက်နက် ထောက်ပံ့ပေးနေကြောင်း စွပ်စွဲခဲ့ပြီး အီရန်ကမူ ထိုသို့မဟုတ်ကြောင်း ငြင်းဆန်ထားသည်။

**အေအက်ဖ်ပီ**




လူထုစုဝေးမှုတွင် ပါဝင်လှုပ်ရှားနေကြသည့် အမျိုးသမီးများကို တွေ့ရစဉ်။

## နယူးယောက်၌ လူထုစုဝေးမှုအတွင်း အမျိုးသမီးထောင်ချီပါဝင်လှုပ်ရှား

**နယူးယောက် ဇန်နဝါရီ ၂၀**

နယူးယောက်မြို့၌ အမျိုးသမီးထောင်ပေါင်းများစွာတို့သည် သုံးကြိမ်မြောက် အမျိုးသမီးထုစုဝေးချီတက်မှုတွင် ပါဝင်ရန်အတွက် စနေနေ့တွင် လမ်းများပေါ်သို့ ချီတက်ခဲ့ကြကြောင်း သိရသည်။

အမျိုးသမီးများ၏ အခွင့်အရေးနှင့် နယ်ပယ်ကဏ္ဍများစွာတို့တွင် အမျိုးသမီးများ၏ လူမှုရေးဆိုင်ရာ သာတူညီမျှရှိမှုကို တောင်းဆိုသည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါလူအုပ်ကြီးသည် နံနက် ၁၁ နာရီခန့်တွင် မြို့စွန်၌ စုဝေးမှုမပြုလုပ်မီ အနောက် မန်ဟက်တန်အထက်ပိုင်းတွင် စုဝေးခဲ့ကြသည်။ ထိုသို့စုဝေးရာတွင် ပါဝင်သူများသည် ကိုယ်တိုင်လုပ် ပိုစတာဆိုင်းဘုတ်အမျိုးမျိုးကို ကိုင်ဆောင်ခဲ့ကြပြီး နိုင်ငံအတွင်း၌ လိင်ပိုင်းဆိုင်ရာ မမျှတမှုများ ကြီးထွားလာနေသည့် အပေါ် ၎င်းတို့၏ခုခံမှုကို ပြသရန် ဆောင်ပုဒ်အမျိုးမျိုးကို ကြွေးကြော်ခဲ့ကြသည်။

အသက် ၁၇နှစ်အရွယ် အီမလီဝေါလ်တာက ၎င်းအနေဖြင့် ယနေ့ခေတ်အမျိုးသမီးများနှင့် အနာဂတ်၏အမျိုးသမီးများကို ထောက်ခံအားပေးရန်အတွက် လူထုစုဝေးချီတက်မှုအတွင်းရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမျိုးသမီးများသည် ၎င်းတို့၏ ကိုယ်ပိုင်ရုပ်ခန္ဓာနှင့်ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ရမည်ဖြစ်ကြောင်း မည်သူ၏ခွင့်ပြုချက်မျှမလိုအပ်ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးဖြစ်သည့် ဂျနီဖာအက်ဒီဆင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဗဟိုအာဖရိက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆူဒန်လက်ခံကျင်းပသွားမည်

**ခါတွမ် ဇန်နဝါရီ ၂၀**

ဗဟိုအာဖရိကပြည်ထောင်စုအစိုးရများနှင့် အတိုက်အခံအဖွဲ့အစည်း ၁၄ ခုတို့အကြား နောက်ထပ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆူဒန်မြို့တော် ခါတွမ်၌ လာမည့် ရက်သတ္တပတ်တွင် လက်ခံကျင်းပသွားရန်ရှိကြောင်း ဆူဒန်အစိုးရက စနေနေ့ကကြေညာခဲ့သည်။




ဆူဒန်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဒါဒီရီ မိုဟာမက် အာမက်။

ဗဟိုအာဖရိကပြည်ထောင်စုအစိုးရနှင့် အတိုက်အခံအဖွဲ့အစည်း ၁၄ ခုတို့သည် လာမည့်ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်ဟု ဆူဒန်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဒါဒီရီ မိုဟာမက် အာမက်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။

အာဖရိက ပြည်ထောင်စု၏ အရိပ်အာဝါသအောက်တွင် ညှိနှိုင်းဆွေးနွေးမှုများသည် ဗဟိုအစိုးရ၏လုပ်ပိုင်ခွင့်များကို ဒေသအစိုးရသို့လွှဲပြောင်းပေးသည့်အုပ်ချုပ်မှုကိစ္စ၊ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စနှင့် တိုက်ခိုက်ရေးအဖွဲ့များ ပြန်လည်ပေါင်းစည်းမှုနှင့် နိုင်ငံရေးပါတီများ ပါဝင်ပတ်သက်မှုကိစ္စရပ်များကို ဆွေးနွေးသွားကြရန် ရည်ရွယ်ထားကြောင်း အာမက်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၈ ဩဂုတ်လအတွင်းက ဗဟိုအာဖရိကပြည်ထောင်စုအစိုးရ၏ ဆီလီကာ လက်နက်ကိုင်အုပ်စုနှင့် အတိုက်အခံဘလာကာ စစ်သွေးကြွအုပ်စုတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခါတွမ်၌ လက်ခံကျင်းပခဲ့သည်။

**ဆင်ဟွာ**

## ဆိုမာလီယာ၌ အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၅၂ ဦးသေဆုံး

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၀**

ဆိုမာလီယာ၌ ပြီးခဲ့သည့်စနေနေ့က ပြုလုပ်ခဲ့သည့် အမေရိကန်လေကြောင်း တိုက်ခိုက်မှုအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၅၂ ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ဆိုမာလီစစ်အခြေစိုက်စခန်းတစ်ခုကို အယ်လ်ရှာဘတ်စစ်သွေးကြွများက လုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ဖော်ပြသည်။ သေဆုံးသွားသည့် စစ်သွေးကြွများသည် အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်ရေးသမားများဖြစ်ပြီး လေကြောင်းတိုက်ခိုက်မှုအတွင်း အရပ်သားသေဆုံးမှုရှိမရှိနှင့် ပတ်သက်၍ အတည်ပြုခြင်း မရှိသေးပေ။

ပြီးခဲ့သည့် အင်္ဂါနေ့က လူ ၂၁ ဦးကို သေဆုံးစေခဲ့သည့် အိမ်နီးချင်းကင်ညာရှိ ရုံးအဆောက်အအုံတစ်ခုနှင့် နိုင်ရှူဘီ ဟိုတယ်တစ်လုံးကို အယ်လ်ရှာဘတ် စစ်သွေးကြွများက ၎င်းတို့တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။ ဒေသမီဒီယာဖော်ပြချက်များတွင် အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုသည် ဂျေရူဆလင်မြို့ကို အစ္စရေးမြို့အဖြစ် ထရမ့်၏ သတ်မှတ်မှုကို ကန့်ကွက်သည့်အနေဖြင့် ထိုသို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထရမ့်အစိုးရအဖွဲ့သည် အယ်လ်ရှာဘတ်စစ်သွေးကြွများအား လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ အမေရိကန်တပ်မတော်သည် ဆိုမာလီတပ်ဖွဲ့ဝင်များနှင့် အိမ်နီးချင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုကို ဆက်လက်နှိပ်ကွပ်သွားမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့များကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ပစိဖိတ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် ကျယ်ပြန့်လာစေရေး ဆွေးနွေး

**တိုကျို ဇန်နဝါရီ ၂၀**
ပစိဖိတ်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (TPP) တွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံတို့သည် အနာဂတ်တွင် ယင်းစာချုပ် ကျယ်ပြန့်လာစေရေးအတွက် ပထမဆုံးအကြိမ် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

TPP စာချုပ်သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၃၀ ရက်တွင်စတင်အသက်ဝင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမြင်ချင်းတူညီပြီး အရည်အသွေးမြင့်သည့် စည်းမျဉ်းစည်းကမ်းများကို လက်ခံရန် အသင့်ဖြစ်နေသည့် နိုင်ငံများကို တံခါးဖွင့်ကြိုဆိုမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

အဖွဲ့ဝင်အသစ်များကို လက်ခံရေး လုပ်ငန်းစဉ်များအတွက်လည်း ဆုံးဖြတ်ချက်ချသည့်အဖွဲ့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် စာချုပ်ပါ အဖွဲ့ဝင်များမှ ကိုယ်စားလှယ်များက TPPသဘောတူညီမှု ကျယ်ပြန့်လာစေရေးအတွက် ခိုင်မာစွာ ကတိပြုခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

### မက္ကဆီကို ရေနံပိုက်လိုင်း ပေါက်ကွဲမှုတွင် သေဆုံးသူအရေအတွက် ၇၀ကျော်အထိရှိလာ

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၀**
မက္ကဆီကိုအလယ်ပိုင်း ဟီဒဲလ်ဂိုပြည်နယ်တွင် လောင်စာဆီပိုက်လိုင်းပေါက်ကွဲမှုကြောင့် အသက်ဆုံးရှုံးမှုများရှိခဲ့ရာ သေဆုံးသူအရေအတွက်မှာ ယခုအခါ ၇၃ဦးအထိရှိလာပြီဖြစ်ကြောင်း စနေနေ့ညနေပိုင်းတွင် အဆိုပါပြည်နယ် အုပ်ချုပ်ရေးမှူး အိုမာဖာရက်ဒ်က ပြောကြားခဲ့သည်။

ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေရာ အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသူတို့၏ အလောင်းများကို ပိုမိုတွေ့ရှိလာပြီး ပေါက်ကွဲမှုအတွင်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သူများမှာ မတူညီသည့်ဆေးရုံအသီးသီးတို့တွင်သေဆုံးသွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ ယခုအခါ ၇၄ဦးရှိပြီး ၎င်းတို့ထဲတွင် ၂၄ ဦးမှာ ဟီဒဲလ်ဂိုပြည်နယ်ရှိ ဆေးရုံများတွင်ဆေးကုသမှုခံယူရလျက်ရှိကြောင်း၊ မက္ကဆီကိုစီးတီးနှင့် အခြားမြို့များရှိ ဆေးရုံများတွင် တက်ရောက်နေရသူ အယောက် ၅၀ ရှိကြောင်း သိရသည်။ မူလကဖော်ပြချက်တွင် သေဆုံးသူ ၇၁ဦးထက်မနည်းဖြစ်ပြီး ၇၆ ဦးဒဏ်ရာရရှိကြောင်း ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ လိုလားနေတဲ့ ဒုတိယအကြိမ်ထိပ်သီးအစည်းအဝေး

**ကလျာမိုးမြင့်**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ဟာ လာမယ့် ဖေဖော်ဝါရီလကုန်လောက်မှာ ဒုတိယအကြိမ်ထိပ်သီးဆွေးနွေးပွဲ ထပ်မံပြုလုပ်သွားဖို့ ရှိနေတယ်လို့ အိမ်ဖြူတော်က ပြောကြားခဲ့ပါတယ်။မြောက်ကိုရီးယားရဲ့ထိပ်တန်းညှိနှိုင်းဆွေးနွေးသူ ကင်ယောင်ချိုနဲ့ အိမ်ဖြူတော်မှာ တွေ့ဆုံခဲ့ပြီးတဲ့နောက်မှာ ထရမ့်က ခုလိုကြေညာခဲ့တာဖြစ်ပါတယ်။ ခေါင်းဆောင်ကင်က သမ္မတထရမ့်ဆီရေးသားခဲ့တဲ့ စာကို ကင်ယောင်ချိုကနေ တစ်ဆင့်ပေးပို့ခဲ့တာဖြစ်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။**


၂၀၁၈ ခုနှစ်က စင်ကာပူ၌ပြုလုပ်ခဲ့သည့် အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေးတွင် တွေ့ရသည့် ခေါင်းဆောင်ကင်နှင့် သမ္မတ ထရမ့်။

### ဘယ်မှာကျင်းပမလဲ

ပြီးခဲ့တဲ့နှစ် ဇွန်လတုန်းက စင်ကာပူမှာ နှစ်နိုင်ငံ သမိုင်းဝင် ထိပ်သီးအစည်းအဝေး ကျင်းပခဲ့ချိန်နောက်ပိုင်း နျူကလီးယားလက်နက် ဖျက်သိမ်းရေးနဲ့ပတ်သက်လို့ တိုးတက်ဖြစ်ထွန်းမှု သိပ်မတွေ့ရသေးပါဘူး။ ပြီးတော့ အခုတစ်ဖန် အသစ်ထပ်မံကျင်းပမယ့် ထိပ်သီးအစည်းအဝေးပွဲကို ဘယ်မှာကျင်းပမယ်ဆိုတာကလည်း ကြေညာချက်ထွက်မလာသေးပါဘူး။ ဗီယက်နမ်မှာ ကျင်းပနိုင်ခြေရှိတယ်ဆိုတဲ့ ထင်ကြေးပေးသံတွေလည်း အတော်လေး ထွက်ပေါ်နေပါတယ်။

### စာထဲမှာ ဘာတွေပါသလဲမသိနိုင်

ကင်ယောင်ချို ဝါရှင်တန်သို့သွားရောက်ခဲ့မှုဟာ မြောက်ကိုရီးယား နဲ့ နျူကလီးယားဆိုင်ရာ သံခင်းတမန်ခင်း လှုပ်ရှားမှုအဖြစ် ပထမဆုံးတွေ့မြင်ရတဲ့ အမှတ်လက္ခဏာတစ်ခုလို့ အချို့က ထင်မြင်ယူဆကြပါတယ်။ ကင်ဂျုံအန်းက သမ္မတထရမ့်ဆီပေးပို့ခဲ့တဲ့ စာထဲမှာ ဘာတွေပါတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် ဒါဟာ နောက်ထပ် ထိပ်သီး အစည်းအဝေးတစ်ခု ထပ်ဖြစ်လာဖို့ ကြိုတင်ပြင်ဆင်မယ့် အခြေခံအကြောင်းတစ်ခု ဖြစ်နိုင်တယ်လို့လည်း ဆိုကြပါတယ်။

### ဆွေးနွေးပွဲတွေကိုစောင့်နေတဲ့ထရမ့်

သမ္မတထရမ့်ကတော့ ၎င်းဟာ ဆွေးနွေးပွဲတွေကို စောင့်မျှော်နေခဲ့တာလို့ ပြောပါတယ်။ ထရမ့်ရဲ့သတင်း မီဒီယာအကြံပေးပုဂ္ဂိုလ် ဆာရာဆန်းဒါးစ်က အိမ်ဖြူတော်မှာလုပ်ခဲ့တဲ့ ဆွေးနွေးပွဲအပြီးမှာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေဟာ ဆက်လက်တိုးတက်လာနေတယ်။ ဒါပေမယ့် အမေရိကန်ကတော့ မြောက်ကိုရီးယားအပေါ်မှာ ဆက်ပြီး ဖိအားတွေပေးဦးမယ့် ပိတ်ဆို့မှုတွေ ဆက်လုပ်ဦးမယ့် သဘောရှိနေတယ်လို့ ပြောခဲ့ပါတယ်။

ထိပ်သီးအစည်းအဝေး ပြုလုပ်ပြီးနောက် ဘာတွေဖြစ်လာခဲ့သလဲ။ ပထမတစ်ကြိမ် စင်ကာပူမှာ ကျင်းပခဲ့တဲ့ထိပ်သီးအစည်းအဝေးမှာ သဘောတူညီခဲ့တာ များများစားစားမရှိတဲ့အတွက် အောင်မြင်မှုကို တိုင်းတာပြနိုင်လောက်တဲ့အနေအထားမရှိခဲ့ဘူးလို့ လေ့လာသူအချို့က သုံးသပ်ကြပါတယ်။ ဝါရှင်တန်နဲ့ ပြုံယမ်းအကြား နျူကလီးယားအရေး ညှိနှိုင်းဆွေးနွေးမှုဟာ တစ်ခန်းရပ်သွားခဲ့ပြီး မြောက်ကိုရီးယားရဲ့ နျူကလီးယားလက်နက်တွေနဲ့ပတ်သက်လို့ အသေးစိတ်အချက်အလက်တွေကို သိခဲ့ရခြင်းမရှိသေးသလို မြောက်ကိုရီးယားအပေါ်မှာ အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကလည်း အခိုင်အမာရှိနေဆဲဖြစ်ပါတယ်။

### နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်ဖို့ ကြိုးစားနေ

ခေါင်းဆောင်ကင်ကတော့ မြောက်ကိုရီးယားနိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာ့အလယ်မှာ မြှင့်တင်နိုင်ဖို့ ကြိုးစားရင်းနဲ့ အလုပ်တာဝန်တွေ များပြားလျက်ရှိပါတယ်။ ကင်အနေနဲ့ အိမ်နီးချင်းဖြစ်တဲ့ တောင်ကိုရီးယားနဲ့ ဆက်ဆံရေးကိုလည်းတိုးတက်အောင် လုပ်ခဲ့သလို အစောင့်အကြပ်တွေထူထပ်စွာချထားခဲ့တဲ့ စစ်မဲ့ဇုန်တစ်လျှောက်မှာလည်း နှစ်နိုင်ငံလုံးက အစောင့်အကြပ်တွေကို ရုပ်သိမ်းလိုက်ပြီဖြစ်တဲ့အပြင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အလည်အပတ်ခရီး စဉ်တွေလည်း အပြန်အလှန် သွားလာနေကြပါတယ်။

> “ဝါရှင်တန်နဲ့ ပြုံယမ်းအကြား နျူကလီးယားအရေး ညှိနှိုင်းဆွေးနွေးမှုဟာ တစ်ခန်းရပ်သွားခဲ့ပြီး မြောက်ကိုရီးယားရဲ့ နျူကလီးယားလက်နက်တွေနဲ့ ပတ်သက်လို့ အသေးစိတ်အချက်အလက်တွေကို သိခဲ့ရခြင်းမရှိသေးသလို မြောက်ကိုရီးယားအပေါ်မှာ အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကလည်း အခိုင်အမာရှိနေဆဲဖြစ်”

တရုတ်နိုင်ငံနဲ့ မြောက်ကိုရီးယားရဲ့ ဆက်ဆံရေး အခြေအနေဟာလည်းပဲ တိုးတက်လာနေပြီး ခေါင်းဆောင်ကင်ဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံဖို့ ပေကျင်းကို မကြာခဏသွားရောက်ခဲ့ပါတယ်။

### စင်ကာပူ ထိပ်သီးအစည်းအဝေးမှာ ဘာတွေ အောင်မြင်ခဲ့သလဲ

စင်ကာပူမှာ ကျင်းပခဲ့တဲ့ထိပ်သီး အစည်းအဝေးဟာ မြောက်ကိုရီးယားနဲ့ အမေရိကန်ရဲ့ သမိုင်းဝင်ဖြစ်ရပ်တစ်ခုပါ။ ဒါပေမယ့် သဘောတူညီမှုတွေဟာ စာရွက်ပေါ်မှာပဲ ရှိနေခဲ့တယ်လို့ ပြောဆိုခဲ့ကြပါတယ်။ နှစ်နိုင်ငံ သဘောတူလက်ခံခဲ့တဲ့ နျူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် အလုပ်လုပ်ဖို့ဆိုတာဟာ မရေရာတဲ့သဘောတူညီမှု အဖြစ်နဲ့ ဆက်လက်တည်ရှိနေပါတယ်။

ဒီသဘော တူညီမှုမှာ နျူကလီးယားလက်နက် ဖျက်သိမ်းရေးဖြစ်စဉ် ခိုင်မာသေချာကြောင်း လက်ဆုပ်လက်ကိုင် ပြနိုင်စေမယ့် အချိန်ကာလတစ်ခုခု၊ အသေးစိတ် အချက်အလက် သို့မဟုတ် လုပ်ငန်းယန္တရားအစီအစဉ်တစ်ခုခုကို ထည့်သွင်းဖော်ပြခဲ့ခြင်း မရှိပါဘူး။

အကယ်၍ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲ ထပ်ပြီးရှိလာဦးမယ်ဆိုရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး ပိုမိုခိုင်မာသေချာတဲ့ အရာတစ်ခုခု ထွက်ပေါ်လာဖို့ အများစုက မျှော်လင့်နေကြဦးမှာပါပဲ။ မြောက်ကိုရီးယားနဲ့ အမေရိကန်တို့ဟာ ပထမအကြိမ် ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့ပြီးချိန်ကစလို့ မြောက်ကိုရီးယားဟာ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုတွေ ထပ်မလုပ်ခဲ့ပါဘူး။

ဒါ့အပြင် နျူကလီးယားစမ်းသပ်တဲ့ နေရာကို ဖျက်သိမ်းခဲ့သလို အဓိကသော့ချက်ဖြစ်တဲ့ ဒုံးကျည်အင်ဂျင်ကိုလည်း ဖျက်ဆီးခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့ နိုဝင်ဘာလတုန်းကတော့ နည်းပညာမြင့် ဒုံးလက်နက်တစ်ခုကို စမ်းသပ်မှု လုပ်ဆောင်ခဲ့ပြီး ဒီစမ်းသပ်မှုဟာ တစ်နှစ်အတွင်းမှာ ပထမဆုံးအကြိမ် တရားဝင်ကြေညာလိုက်တဲ့ လက်နက်စမ်းသပ်မှု တစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဒါကကြီးကြီးမားမား ခြိမ်းခြောက်မှုတစ်ခုအဖြစ်ကိုတော့ မရောက်ရှိခဲ့ပါဘူး။

### သဘောတူညီမှုကို ဖောက်ဖျက်ခြင်းမရှိ

ပြီးခဲ့တဲ့နှစ် ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် မြောက်ကိုရီးယားရဲ့ ဒုံးကျည်အခြေစိုက်စခန်းကွန်ရက်တွေ ပမာဏကိုဖော်ပြခဲ့ပါတယ်။ သို့သော်လည်း မြောက်ကိုရီးယားအနေနဲ့ ၎င်းရဲ့ ဒုံးကျည်အခြေစိုက်စခန်းတွေကို ပိတ်သိမ်းမယ်။ လက်နက်တွေတိုးတက်အောင် လုပ်ဆောင်နေတာတွေကို ရပ်နားမယ်ဆိုပြီး ကတိတစ်ခုခုပေးထားခဲ့တာမရှိတဲ့အတွက် ဒါက စင်ကာပူထိပ်သီးအစည်းအဝေးမှာပြုလုပ်ခဲ့တဲ့ သဘောတူညီမှုကို ဖောက်ဖျက်တာ မဟုတ်ပါဘူး။

### နောက်ထပ် ထိပ်သီးအစည်းအဝေးတစ်ခု အမှန်တကယ်ဖြစ်မြောက်လာမလား

ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကျင်းပဖြစ်မလားဆိုတာကို အခိုင်အမာပြောဆိုနိုင်ခြင်း မရှိသေးပေမယ့် နှစ်ဖက်စလုံးကတော့ အစည်းအဝေးဖြစ်မြောက်လာဖို့ လိုလားတဲ့အခြေအနေကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ထိပ်သီးအစည်းအဝေးတုန်းကတော့ ရိုလာကိုစတာလိုပါပဲ။ အစည်းအဝေးကို ပယ်ဖျက်တယ်။ သမ္မတထရမ့်ဆီကို ခေါင်းဆောင်ကင်ဆီက ပေးစာတစ်စောင်ရောက်လာတယ်။ အစည်းအဝေးပြန်စတယ်။

အလားတူ အဖြစ်မျိုးကတော့ ထပ်ဖြစ်လာမှာ မဟုတ်နိုင်ဘူးလို့ ယူဆရပါတယ်။ ဆက်ပြီး စောင့်ကြည့်ရဦးမှာပါပဲ။ လက်ရှိအခြေအနေအရတော့ သမ္မတထရမ့်ဆီကို ပေးစာတစ်စောင် စောစီးစွာရောက်ရှိလို့ လာပြန်ပါပြီ။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

## ကျေးရွာ ၁၁ ရွာ အကျိုးပြု မြေသားတာလမ်း တာဖို့ပြီးစီး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာအုပ်စု ကျီးပင်စုကျေးရွာမှ ဘိုကလေးမြို့နယ် ထိန်ကိုင်းကျေးရွာအထိ ဆက်သွယ်သော ကျေးရွာ ၁၁ ရွာ အကျိုးပြုမြေသားလမ်းကို နှစ်မြို့နယ် ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး တာဖို့ဆောင်ရွက်ခဲ့ကြရာ ယမန်နေ့က ပြီးစီးသွားပြီဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ် ကျီးပင်စုကျေးရွာနှင့် ဘိုကလေးမြို့နယ် ထိန်ကိုင်းကျေးရွာတို့မှာ ယခင်က ဆက်သွယ်ရေးမြေသားလမ်း မရှိသဖြင့် ကြိုးခွေ၊ ကျီးပင်စု၊ မဲဇလီနှင့် ခနုံးဆိပ်ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသားများမှာ ကျီးပင်စုကျေးရွာ အလယ်တန်းကျောင်း (ခွဲ)နှင့် မရမ်းကျေးရွာအထက်တန်းကျောင်း(ခွဲ)သို့ ကျောင်းတက်ရန် အခက်အခဲရှိသောကြောင့် ကျေးရွာမြေသားလမ်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး မြေသားတာလမ်းအရှည် ၅၄၇၅ ပေ၊ တာလမ်းအကျယ် ကိုးပေနှင့် တာလမ်းအမြင့် သုံးပေတို့ကို တာဖို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**



အခမဲ့ကွင်းဆင်းဆေးကုသမှုအား ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် တက်ရောက်အားပေးစဉ်။

## အခမဲ့ကွင်းဆင်းဆေးကုသမှုနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ ပလောက်မြို့၌ ကျင်းပ

ပလောက် ဇန်နဝါရီ ၂၀

မြိတ်ခရိုင် ပလောက်မြို့၌ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ၁၄ ဦး ပါဝင်သည့် ဆေးကုသရေးအဖွဲ့သည် ယမန်နေ့က အခမဲ့ကွင်းဆင်းဆေးကုသမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆေးပညာအထူးကုဆရာဝန် ဒေါက်တာစည်သူစိုးက မကူးစက်တတ်သောရောဂါများအကြောင်း ကျန်းမာရေးပညာပေးဟောပြောခဲ့ပြီးနောက် သွားနှင့်ခံတွင်း၊ ခွဲစိတ်၊ သမားတော်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြား၊ အရိုးအထူးကု စသည့်ရောဂါများ ကုသပေးရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများအဖွဲ့က ကြည့်ရှုအားပေးခဲ့ကာ ပလောက်မြို့အုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၉၈၉ ဦး လာရောက်ပြသကုသခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အထည်ပန်း ပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း ဖွင့်ပွဲ ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး)မှကျင်းပသော အထည်ပန်း ပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး)သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှုန်တစ်လုံတက်ရောက်ခဲ့သည်။ သင်တန်းဖွင့်ပွဲကို ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူ ၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ကယားပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုများချီးမြှင့်အပ်နှင်း

လွိုင်ကော် ဇန်နဝါရီ ၂၀

ကယားပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း၊ (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ၂၀၁၉ ခုနှစ် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေအရ ပထမဆုံးအကြိမ် ချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သာသနာရေး၊ အားကစား၊ သုတေသနလုပ်ငန်းများနှင့် အခြားကဏ္ဍများထဲမှ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်စဉ်။

ဆက်လက်ပြီး ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းရရှိသူ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) တစ်ဦး၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) တစ်ဦး၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (တတိယ အဆင့်) ကိုးဦး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) သုံးဦး၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) သုံးဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) နှစ်ဦး၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့် ) ရှစ်ဦး စုစုပေါင်း ၂၇ ဦး၊ (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ပြခန်း ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု ရှစ်ဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလေး**

## ရတနာမာန်အောင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော် တင်လှူပွဲအခမ်းအနား ကျင်းပ

မိုးညို ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဇီးပင်အုပ်စု ဘုံလုံးအိုင်ကျေးရွာရှိ ရတနာမာန်အောင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်ဆက်ကပ်တင်လှူပွဲ အခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ရေစက်ချအမျှပေးဝေခြင်းတို့ ဆောင်ရွက်ခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ရွှေထီးတော် ဆက်ကပ်တင်လှူပူဇော်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီးပင်အုပ်စု ဘုံလုံးအိုင်ကျေးရွာ ကွင်းအမှတ် .92A ဦးပိုင်အမှတ် ၃၁ / ၈ရှိ တောင်သူဦးဇော်လင်း၏ ကုလားပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ၀ ဒသမ ၂၅ ဧက၊ ပဲပုပ်မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် ဧက ၀ ဒသမ ၂၀ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

## ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ဘားအံ ဇန်နဝါရီ ၂၀

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က လှိုင်းဘွဲ့မြို့နယ် နောင်တိုင်ကျေးရွာအုပ်စု မဲဆမိတ်ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မဲဆမိတ်ကျေးရွာ ကြယ်တံခွန်ကျောင်းဆောင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရွာသူ ရွာသားများ၏ တစ်ဦးချင်းလိုအပ်ချက်မဟုတ်ဘဲ အများ၏ လိုအပ်ချက်၊ ကျေးရွာကိုအကျိုးရှိစေမည့် လိုအပ်ချက်များကို တင်ပြကြစေလိုကြောင်း၊ တင်ပြသည့်အပေါ် ဆောင်ရွက်ပေးနိုင်သည် မပေးနိုင်သည်ကို တစ်ခါတည်းဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရွာသူ ရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။



ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

ယင်းပေးအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်များတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးနှင့် NRC အဖွဲ့တို့မှ ပူးပေါင်း၍ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော နောင်တိုင်ကျေးရွာအုပ်စု၊ ဝင်းစိန်ကျေးရွာအုပ်စု၊ ကော့လှိုင်းကျေးရွာအုပ်စု၊ ကမော့ကချူးကျေးရွာအုပ်စုတို့မှ ရွာသူ ရွာသားများက ကျေးရွာချင်းဆက်လမ်းရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများ စသည့်ဒေသ၏လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

ကျိုက်မရော ဇန်နဝါရီ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆိုပါတံတားတည်ဆောက်ရေး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွန်းဦးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်သိန်းသိန်းဦးနှင့် ပြည်နယ်ဥပဒေချုပ် ဒေါ်အေးအေးမို့တို့က သတ်မှတ်နေရာများတွင် ပန္နက်တော်များ တင်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ မင်္ဂလာတိုင်ကို ရိုက်သွင်းပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့သည်။

**မြို့နယ်( ပြန်/ ဆက်)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# ကောင်းမှုတော်စေတီ ရွှေဆေးခွာခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့် အပိုင်းအစများဖြင့် ပုံစံငယ်စေတီတစ်ဆူ တည်ထားမည်

**စစ်ကိုင်း ဇန်နဝါရီ ၂၀**

စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီကြီးကို လက်ရှိ ရွှေဆေးသက်န်းမှ အဖြူရောင်ဆေးသက်န်း ပြောင်းလဲကပ်လှူရန် ရွှေဆေးခွာခြင်းလုပ်ငန်း ဆောင်ရွက်ရာမှ ထွက်ရှိလာမည့် ရွှေဆေးအမှုန်များနှင့် အင်္ဂတေအပိုင်းအစများဖြင့် ကောင်းမှုတော်စေတီ ပုံစံငယ်တစ်ဆူ တည်ထားမည်ဖြစ်ကြောင်း ကောင်းမှုတော်စေတီ ဂေါပကအဖွဲ့မှ သိရသည်။



စေတီတော်ကြီးမှ ရွှေဆေးသက်န်းများကို ချွတ်ခွာနေစဉ်။

"အခု ၄၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ၊ ရွှေဆေးသက်န်းချွတ်ခွာရင်း နှစ်ရှည်မခံနိုင်တဲ့ အင်္ဂတေပျက်စီးယိုယွင်းနေတဲ့ အပိုင်းတွေကို အကောင်းဆုံး ပြင်ဆင်သွားမှာပါ၊ မကောင်းတဲ့နေရာတွေကို ကောင်းအောင်အထိ ပြင်ဆင်ဖို့ ထိုးခွာတာ လုပ်ရပါတယ်၊ လက်ရှိလုပ်ကိုင်နေတဲ့ အနေအထားအရ ဘုရားကြီးတစ်ဆူလုံးရဲ့ သုံးရာခိုင်နှုန်းလောက်ပဲ ခွာရတဲ့ အနေအထားပါ၊ တစ်ဆူလုံးကို ထိုးခွာချခြင်းမဟုတ်ပါဘူး၊ ကြာရှည် မခံနိုင်တဲ့ ဆွေးမြည့်နေတဲ့အပိုင်းကို ခွာချတာက စေတီတော်ကြီး ကြံ့ခိုင်ဖို့အတွက် လုပ်နေတာဖြစ်ပါတယ်၊ ရွှေဆေးတွေ ခွာချပြီးရင် သက်တမ်းဆယ်နှစ်ကျော်ခံမယ့် အီတလီနိုင်ငံထုတ် အဖြူရောင်ဆေးကို ကပ်လှူသွားမှာပါ" ဟု ကောင်းမှုတော်စေတီတော် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနီတင်က ပြောသည်။

ကောင်းမှုတော်စေတီတော်ကြီးအား လက်ရှိရွှေဆေးမှ အဖြူရောင်ဆေး ပြန်လည်ကပ်လှူပူဇော်မှုကို သီတဂူဆရာတော်ကြီးကိုယ်တိုင် ဦးစီး၍ ပြုလုပ်နေခြင်းဖြစ်ပြီး ဆရာတော်ကြီး၏မွေးနေ့ (တပေါင်းလပြည့်)မတိုင်မီ စေတီတော်အား အဖြူရောင်ဆေးသက်န်း အပြီးကပ်လှူမည်ဖြစ်ကာ တပေါင်းလပြည့်နေ့တွင် ကောင်းမှုတော်စေတီတော်၌ သံဃာအပါးတစ်ထောင်ဖြင့် အနေကဇာတင်၍ သံဃာများအား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း ကောင်းမှုတော်စေတီ ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုမင်း(အင်းတော်)**

---

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် (မြို့မ) အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့ပေါ်ရှိ (မြို့မ) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ယမန်နေ့က အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ကျောင်းဆိုင်းဘုတ်ကို ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှနှင့် ကျောင်းအုပ်ဆရာကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို (မြို့မ) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဖွင့်ပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



ကျောက်တော်မြို့နယ် (မြို့မ) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ ကျင်းပစဉ်။

---



မွန်ပြည်နယ် သထုံခရိုင် ကညနရုံးမှ တာဝန်ရှိသူများက ဘီးလင်းမြို့အောင်ဇေယျခန်းမ၌ ဇန်နဝါရီ ၁၉ ရက်က ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပြီး 'က ' ဆိုင်ကယ် ယာဉ်မောင်း လိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။

ခွန်(ဝင်းပ)

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များ ပေးအပ်

**မြိုင် ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကြီးမှူးကျင်းပသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး) ဦးသန့်ဇင်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး (မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) ဦးစီးအရာရှိ ဦးမျိုးညွန့်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးရခြင်းအကြောင်းရင်းနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းအခမ်းအနားတွင် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ကွင်းပေါင်း ၃၄ ကွင်း၊ ဦးပိုင်ပေါင်း ၁၅၇ ခု၊ ဧရိယာ ၅၉၇ ဧကအတွက် တောင်သူ ၁၉၉ ဦးထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ၂၃၄ ခုကို သက်ဆိုင်ရာ တောင်သူများ လက်ဝယ်အရောက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် ပေးအပ်နိုင်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစိစစ်ရေးကော်မတီဝင်များ၊ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

---

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ ကျပ် | ၈၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၂ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၄ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၅ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၆ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၆ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၂၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၅၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

---


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



## မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး** | - စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ စာတတ်သူများ စာဖတ်ရေး



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်လောက နေပြည်တော် သီရိမင်္ဂလာဟိုတယ်မှာ ဒေါက်တာသန့်သော်ကောင်းနဲ့ တွေ့ခဲ့တယ်။ ကျွန်တော်က ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အလျှုပွဲကျင်းပတဲ့ ဆွေးနွေးပွဲတက်ဖို့။ အစည်းအဝေးမစမီ အချိန်ရလို့ ဟိုတယ်မှာ နံနက်စာစားတာ။ ဒေါက်တာသန့်သော်ကောင်းက ကျွန်တော်နောက်တစ်နေ့ စာတတ်သူများ စာဖတ်ရေး ဆွေးနွေးပွဲ လာတက်ရောက်တာလို့ ကျွန်တော့်ကို ပြောခဲ့တယ်။ သူပြောတဲ့ ခေါင်းစဉ်က စိတ်ဝင်စားစရာ အလွန်ကောင်းလှတာ။ "စာတတ်သူများ စာဖတ်ရေး"။ ဘာကြောင့် အခုလို စဉ်းစားနေကြသလဲဆိုတာက စာတတ်သူတွေ စာမဖတ်ကြတော့လို့ လှုံ့ဆော်တာဖြစ်တယ်လို့ မြင်မိတယ်။ နောက်နေ့ သတင်းစာတွေထဲမှာ၊ ဂျာနယ်တွေမှာ ဒီခေါင်းစဉ်နဲ့ ပတ်သက်ပြီး နိုင်ငံအကြီးအကဲတွေ၊ တာဝန်ရှိသူတွေ ပြောကြ၊ ဆိုကြ၊ ဟောကြတာတွေကို ဝေဝေဆာဆာ ဖတ်ရကြားရတယ်။

**ပတ်ဝန်းကျင်က ဖန်တီးပေး**

ကျွန်တော်က စာဖတ်တာကို မြတ်နိုးတယ်။ နှစ်သက်တယ်။ အခုလိုဖြစ်လာအောင် ပတ်ဝန်းကျင်က ဖန်တီးပေးခဲ့တယ်။ အထူးသဖြင့် ဖခင်လုပ်သူ။ သူက စစ်သား။ ဒါပေမယ့် စာကိုချစ်တယ်။ အိမ်မှာ စာအုပ်တွေစုတယ်။ အထူးသဖြင့် စစ်သမိုင်းနဲ့ ပတ်သက်ပြီး စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေ။ ကျွန်တော်က အားလုံးကို နားမလည်ပေမယ့် ဖတ်နိုင်အောင် ကြိုးစားတယ်။ ကျွန်တော့်အမေရဲ့ ဖခင် ကျွန်တော့်အဘိုးဖြစ်သူကလည်း အားပေးတယ်။ ကျွန်တော် မှတ်မိသလောက်ပြောရရင် Reader's Digest စာအုပ်ကို ဖတ်ဖို့ သင်တယ်။ ကျွန်တော်မသိတာ၊ နားမလည်တာကို ရှင်းပြတယ်။ ဒီလိုနဲ့ စာဖတ်တဲ့ ဝါသနာအကျင့်ရလာတယ်။ အခုကျွန်တော့် အသက် ၇၀ ကျော်ပြီ။ ညတိုင်း အိပ်ရာမဝင်ခင် စာဖတ်ပြီးမှ အိပ်တယ်။ စာမဖတ်ဘဲ အိပ်တဲ့ည တစ်ညမှ မရှိဘူး။ သမီးဖြစ်သူကိုလည်း ဒီအကျင့်ရအောင် ငယ်ငယ်ကတည်းက ဆောင်ရွက်ခဲ့တယ်။ အိပ်ရာမဝင်ခင် သူ့ကို ပုံပြင်တွေဖတ်ပြီး သိပ်တယ်။ နှစ်နှစ်အရွယ်ကစပြီး။ ဒါကြောင့် သမီးက ဘယ်သွားသွား စာအုပ်ဝယ်ဖို့သာ စိတ်ဝင်စားတယ်။ သူဝယ်ချင်တဲ့ စာအုပ်တွေအားလုံးကို ဝယ်ခွင့်ပြုတာပဲ။ ဒါမဖတ်နဲ့၊ ဟိုဟာမဖတ်နဲ့လို့ မဟန့်တားဘဲ သူ့ကို လွတ်လပ်ခွင့်အပြည့်ပေးခဲ့တယ်။ ကျွန်တော့်အိမ်မှာ စာအုပ်စင် ၁၀ လုံးရှိတယ်။ ကျွန်တော်က ရသလောက်စုတယ်။ ဝတ္ထုတွေ၊ ဘာသာရပ်နဲ့ဆိုင်တဲ့ စာအုပ်တွေ၊ အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ် အစုံစုတာပါပဲ။

စာဖတ်စေချင်ရင် စာဖတ်ချင်တဲ့အကျင့်ကို မွေးဖို့လိုအပ်မယ်။ အကျင့်တစ်ခု ဘယ်ကလာသလဲ။ အစိတ်အပိုင်းသုံးခု- ပထမက အသိ၊ ဒုတိယက အတတ်နဲ့ တတိယက ဆန္ဒ။ အသိ၊ အတတ်၊ ဆန္ဒပေါင်းစပ်ရင် အကျင့်ဖြစ်လာတယ်။ ဆေးလိပ်သောက်တဲ့အခါ၊ အရက်သောက်တဲ့အခါ၊ လေ့ကျင့်ခန်းလုပ်တဲ့အခါ၊ စာဖတ်တဲ့အခါ ဒီအစိတ်အပိုင်းသုံးရပ်ပေါင်းစပ်ရင် ဖြစ်လာတာပဲ။ ဒါကြောင့် စာဖတ်မှုကို မြှင့်တင်ချင်ရင် စာဖတ်မှုနဲ့ ပတ်သက်တဲ့ အသိနဲ့ အဖတ်ကို မြှင့်တင်ပေးဖို့ လိုအပ်တယ်။ ဆန္ဒကတော့ ကိုယ့်ရင်ထဲက ပေါ်လာတဲ့အရာ အပြင်ကလုပ်လို့မရဘူး။ အသိအတတ်ကိုတော့ ပြင်ပလွှမ်းမိုးမှုနဲ့ ကိုင်တွယ်နိုင်တာ။

**စာကြည့်တိုက်ဟာ အင်တာနက်မှာရှိ**

စာဖတ်လို့ပြောရင် ပုံနှိပ်ထားတဲ့ စာအုပ်၊ စာတမ်း၊ သတင်းစာ၊ ဂျာနယ်စတာတို့ ဖတ်ဖို့ တိုက်တွန်းရင် ကျွန်တော်မြင်မိတယ်။ အထူးသဖြင့် လူငယ်တွေဟာ မလုံလောက်ဘူးလို့။ ပုံနှိပ်မီဒီယာနဲ့ မနီးစပ်ကြတော့ဘူး။ ဒါဟာ ခေတ်ရဲ့ ပကတိအနေအထားပဲ။ သူတို့ဟာ စာတွေကို လက်ကိုင်ဖုန်းတွေကတစ်ဆင့် ဖတ်နေကြတယ်။ ဒါကို အားပေးရမယ်။ အရေးကြီးတာက စာဖတ်ဖို့။ ဖတ်တဲ့ မီဒီယာက ပဓာနမဟုတ်ဘူး။ စာကြည့်တိုက်သွား၊ စာအုပ်တွေငှား၊ စာတွေဖတ်ဆိုတဲ့ အနေအထားက (၂၀)ရာစုနဲ့ အတော်ဝေးနေပြီ။ ကျွန်တော်တို့လို ပုံနှိပ်မီဒီယာနဲ့ ကြီးပြင်းလာသူတွေက စာအုပ်ကိုချစ်ကြတာ။ စာကြည့်တိုက်ကို တမ်းတနေတာ။ အခုခေတ်မှာ Virtual Library လို့ခေါ်တဲ့ စာကြည့်တိုက်ဟာ အင်တာနက်ထဲမှာရှိနေပြီ။ လိုချင်တဲ့စာအုပ်ကို ရွေးလို့ရတယ်။ အမှန်တော့ မိမိမှာရှိတဲ့ လက်ကိုင်ဖုန်းဟာ စာကြည့်တိုက်ပဲ။ တက္ကသိုလ်တစ်ခုပဲ။ လူကြီးတွေက ကလေးတွေကို ဝေဖန်ကြတယ်။ အားနေရင် ပွတ်နေတယ်လို့၊ ကလေးတွေအနေနဲ့ အခုလို ပွတ်နေတာကို နှစ်သက်ကြတယ်။ ရင်းနှီးကြတယ်။ အလွယ်တကူ အဆင်ပြေမှု အပြည့်ရှိတယ်။ ဘာမှအခက်အခဲမရှိဘဲနဲ့ ထိတွေ့နိုင်တယ်။ အိုင်ပက်တို့၊ လက်ကိုင်ဖုန်းတို့ရှိရင် စာအုပ်တွေကို အလေးခံပြီး သယ်စရာ မလိုတော့ဘူး။ အခုခေတ် ကျောင်းသားကျောင်းသူတွေ ကျောပိုးအိတ်ကြီးထဲ စာအုပ်တွေထည့်ပြီး နေ့စဉ်သယ်နေရတာ အဆင်မပြေလှဘူး။ အမှန်တော့ အိုင်ပက်ထဲမှာ သူငယ်တန်းက ဆယ်တန်းအထိ လိုအပ်မယ့် စာအုပ်တွေ၊ သင်ခန်းစာတွေ၊ ပုစ္ဆာတွေထည့်ထားလို့ရတယ်။ ကြိုက်တဲ့အချိန်မှာ ကြိုက်သလို ဖတ်လို့ရတယ်။

**စာဖတ်များရင် အမြင်ကျယ်**

လူငယ်တွေဟာ အခုလို anytime, anywhere, anyhow ဆိုတဲ့ အချိန်မရွေး၊ နေရာမရွေး၊ ပုံစံမရွေးဘဲနဲ့ ပညာကို ထိတွေ့နိုင်တဲ့ အခြေအနေရှိနေပြီ။ ဒါကြောင့် စာဖတ်စေချင်ရင် စာဖတ်ချင်အောင် ကြိုးစားရမှာ။ ပုံနှိပ်တာတွေကိုပဲ ဖတ်ရမယ်လို့ပြောရင် အချည်းနှီးဖြစ်မှာ သေချာတယ်။ အရေးကြီးတာက စာဖတ်ဖို့။ ဘယ်လိုဖတ်ဖတ် ဖတ်ဖို့သာ လိုအပ်တာ။ တစ်ခုတော့ရှိတယ်။ စာတတ်ပြီး စာဖတ်ရမယ်။ စာဖတ်ပြီးရင်တော့ စာဖတ်ခြင်းက ရလာတဲ့ ဆင်ခြင်တုံတရား၊ အတွေးအခေါ် အယူအဆ၊ အမြင်တရား ဒါတွေရဖို့ လိုတယ်။ စာများများဖတ်တဲ့သူဟာ အမြင်ကျယ်တယ်။ မတူညီတဲ့ အရာတွေကို လက်ခံနိုင်စွမ်းရှိတယ်။ စိတ်ရဲ့တံခါးကို အမြဲဖွင့်ထားတယ်။ စာများများဖတ်လေ ကိုယ်မသိသေးတာ၊ မတတ်သေးတာတွေကို ပိုသိလေလေပဲ။ စာဖတ်ခြင်းက အဆုံးမဟုတ်ဘူး။ အစသာဖြစ်တယ်။ စာဖတ်ခြင်းကြောင့် ရလာတဲ့ ပညာအသိတရားတွေနဲ့ မိမိပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲအောင် လုပ်ဖို့လိုတယ်။ ရလာတဲ့အသိပညာဟာ ကိုယ့်အတွက်မဟုတ်ဘူး။ အများအတွက်ဖြစ်ရမယ်။ ခရီးသွားဆောင်းပါးတွေဖတ်ရင် ကိုယ်ကိုယ်တိုင်မသွားဘဲ ရောက်ချင်တဲ့နေရာ၊ ရောက်ချင်တဲ့ပတ်ဝန်းကျင်နဲ့ ထိတွေ့နိုင်မှာ။

စာများများဖတ်ရင် အတွေးအခေါ်တွေ တိုးလာမယ်၊ အမြင်တွေကျယ်လာမယ်၊ ဆင်ခြင်တုံတရားတွေ တိုးလာမယ်။ ဒီကတစ်ဆင့် အရာရာကို အရှိအရှိတိုင်း သုံးသပ်နိုင်မှာ။ လူတစ်ယောက်အတွက် အရေးကြီးတဲ့အရာက မှန်ကန်တဲ့ဆုံးဖြတ်မှု ချမှတ်ဖို့ဖြစ်တယ်။ အဆုံးအဖြတ်ပေးခြင်းဆိုတာဟာလည်း အမှန်တော့ ရွေးချယ်မှုတစ်ရပ်။ ရွေးချယ်မှု မှန်ကန်မှုဟာ အသိတရားက ရနိုင်တာ။

ပညာတတ်ဆိုတာက ကိုယ်နဲ့ဆန့်ကျင်ဘက်အယူအဆတွေ၊ အမြင်တွေ၊ အတွေးအခေါ်တွေကို သိနားလည်သူဖြစ်တယ်။ သဘောတူဖို့မဟုတ်ဘဲ၊ လက်ခံဖို့မဟုတ်ဘဲ နားလည်နိုင်စွမ်းရှိဖို့ဖြစ်တယ်။ စာဖတ်စေချင်ရင် ဘယ်ကစရမလဲ။ ကျွန်တော့် အယူအဆကတော့ မိသားစုက စဖို့လိုအပ်တယ်လို့ မြင်တယ်။ မိဘလုပ်သူတွေမှာ တာဝန်ရှိတယ်။ ဒါပေမယ့် မိသားစုတိုင်း တတ်နိုင်မှာမဟုတ်ဘူး။ စားဝတ်နေရေးနဲ့ လုံးပန်းနေကြရသူများအတွက် ခက်ခဲမှာ။ ဒါပေမယ့် ဒီကိစ္စဟာလည်း ရွေးချယ်မှုပဲ။ ဆင်းရဲလို့၊ မတတ်နိုင်လို့ စာမဖတ်နိုင်တာလို့ ဆင်ခြေပေးလို့ မရဘူး။ ကျွန်တော့်ဆန္ဒကတော့ အိမ်တိုင်းမှာ စာအုပ်စင်တွေရှိစေချင်တယ်။ စာအုပ်တွေ စုစည်းစေချင်တယ်။ အခုလို စာအုပ်တွေချစ်တဲ့စိတ်ကတစ်ဆင့် မိမိနှစ်သက်တဲ့ မီဒီယာကိုသုံးပြီး စာဖတ်တဲ့ ဝါသနာတိုးလာမှာဖြစ်တယ်။

**ဝါသနာကို တားလို့မရ**

အမှန်တော့ စာဖတ်ခြင်းဟာ ဝါသနာတစ်ရပ်ဖြစ်တယ်။ ဝါသနာဆိုတာပါမှဖြစ်တာ။ ဝါသနာပါရင်လည်း တားဆီးလို့ရမှာ မဟုတ်တော့ဘူး။ မဖတ်ရင် မနေနိုင်တာမျိုးဖြစ်တာ။ ကျွန်တော်ကတော့ စာဖတ်တဲ့နေရာမှာ ဟိုဟာကိုဖတ် ဒီဟာကိုမဖတ်နဲ့ ဆိုတာမျိုး မဖြစ်စေချင်ဘူး။ ဘာဖတ်ဖတ် အကျိုးရှိတာပါပဲ။ တချို့တွေကတော့ ဂန္ထဝင်စာအုပ်တွေ၊ စာအုပ်ကြီးကြီးတွေ ဖတ်ဖို့ အားပေးတယ်။ ကျွန်တော်က သဘောမတူဘူး။ ကိုယ်ကြိုက်တာ ဖတ်ကြ။ များများဖတ်ဖို့သာ အရေးကြီးတယ်။

ကျွန်တော်ပြောမယ့်ကိစ္စကို လူတိုင်းခံစားဖူးလာမှာ။ ကျောင်းကပေးတဲ့ စာအုပ်ဆိုရင် အချိန်တိုတိုအတွင်းမှာ ဆက်မဖတ်ချင်တော့ဘူး။ ဝတ္ထုကျပြန်တော့ လက်ကမချ။ မအိပ်ဘဲ ဖတ်ချင်တယ်။ ဘာကြောင့် ဒီလိုလုပ်ဖြစ်တာလဲဆိုတာကို သုံးသပ်သင့်တယ်။ ဝတ္ထုက ဆွဲဆောင်မှုရှိတယ်။ စာဖတ်တဲ့သူရဲ့အာရုံကို ဖမ်းစားနိုင်တာ။ ကျောင်းကပြဋ္ဌာန်းတဲ့ စာအုပ်တွေကျတော့ လေးတယ်။ မသွက်ဘူး။ ခက်ခက်ခဲခဲ နားမလည်နိုင်အောင် ရေးထားကြတယ်။ ပြဋ္ဌာန်းစာအုပ်တွေကို ဝတ္ထုပုံစံရေးနိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ကျွန်တော်တို့ စီးပွားရေးပညာနဲ့ ပတ်သက်လာရင် အခုလိုဆောင်ရွက်နေတာ တွေ့ရတယ်။ ပါမောက္ခတွေဟာ နားလည်လွယ်အောင် ရေးသားနိုင်တယ်။ ဒါကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ သုံးနေတဲ့စာအုပ်တွေကို ပြန်လည်သုံးသပ်သင့်တယ်။ ကျောင်းသားတွေ နားလည်သဘောပေါက်အောင် အရေးအသားတွေ၊ တင်ပြချက်တွေ ပြန်သုံးသပ်သင့်တယ်။

အမှန်တော့ စာဖတ်ခြင်းရဲ့ ရလဒ်ဟာ အသိတရားကို အခြေခံတဲ့ပညာကို တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ထုတ်မှုပဲ ဖြစ်တယ်။ စာဖတ်ခြင်းက အသိတရားတိုးလာပြီး ပြောင်းလဲနိုင်မယ်။ အသိတရားကတစ်ဆင့် အပြောအဆိုတွေလည်း ပြောင်းလဲလာတယ်။ နောက်ဆုံးတော့ အလုပ်တွေလည်း ပြောင်းမှာ။ ဒါကြောင့် စာဖတ်ခြင်းက အသိမှန်၊ အပြောမှန်၊ အလုပ်မှန်တွေဖြစ်လာမှာသာ ဖြစ်ပါတယ်။ ။

**"အမှန်တော့ မိမိမှာရှိတဲ့ လက်ကိုင်ဖုန်းဟာ စာကြည့်တိုက်ပဲ။ တက္ကသိုလ်တစ်ခုပဲ။ လူကြီးတွေက ကလေးတွေကို ဝေဖန်ကြတယ်။ အားနေရင် ပွတ်နေတယ်လို့၊ ကလေးတွေအနေနဲ့ အခုလိုပွတ်နေတာကို နှစ်သက်ကြတယ်။ ရင်းနှီးကြတယ်။ အလွယ်တကူ အဆင်ပြေမှု အပြည့်ရှိတယ်။ ဘာမှအခက်အခဲမရှိဘဲနဲ့ ထိတွေ့နိုင်တယ်။ အိုင်ပက်တို့၊ လက်ကိုင်ဖုန်းတို့ရှိရင် စာအုပ်တွေကို အလေးခံပြီး သယ်စရာ မလိုတော့ဘူး"**



ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား အယ်လ်ထရာဆောင်းရိုက်ပေးနေစဉ်။

# နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**လေရှီး ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြကုဋ္ဌေ ဦးစီးပြီး လစဉ်ကွင်းဆင်းဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"ဟောပြောပွဲလုပ်တော့ ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်နိုင်ဖို့ အစားအစာ သန့်ရမယ်။ သောက်သုံးတဲ့ရေ သန့်ရမယ်။ အစာမစားမီနဲ့ အစာစားပြီးတိုင်း လက်ကို သန့်ရှင်းအောင်ဆေးကြောရမယ်။ အိမ်သာတွေကို သန့်ရှင်းအောင် ယင်လုံအိမ်သာတွေ ဆောက်လုပ်ရမယ်ဆိုတဲ့ သန့်လေးသန့်ကို ရှင်းလင်းပြောကြားတယ်။ ကာကွယ်ဆေးထိုးနှံမှုရဲ့ အရေးကြီးပုံတွေ၊ တန်ဖိုးကြီးပုံတွေကို ရှင်းလင်းဟောပြောပေးတယ်" ဟု ဒေါက်တာမြကုဋ္ဌေက ပြောသည်။

ကွင်းဆင်းဆေးကုပေးမှုတွင် ဇန်နဝါရီလဆန်းပိုင်းက ပန်ဆပ်၊ ကူကီးနှင့် ထိန်ဖားရုံကျေးရွာများ၌ ကုသပေးခဲ့ရာတွင် လူနာ ၂၁၂ ဦးအား ကျန်းမာရေးစစ်ဆေးကာ ဆေးကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီး ၆၁ ဦးအား အယ်လ်ထရာဆောင်း ရိုက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် ဇန်နဝါရီနောက်ဆုံးပတ်တွင်လည်း မြို့နယ်ထဲရှိ ဆုံကင်း၊ နမိယူပီ၊ ကုံကိုင်လုံနှင့် မွန်းကိုင်လင် ကျေးရွာများ၌ ကွင်းဆင်းလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး (ဇေယျာတိုင်း)

# မြို့ကြီးလေးမြို့၌ ပထမဆုံးအကြိမ် မြန်မာ့သနပ်ခါးနေ့ အခမ်းအနားများ ကျင်းပမည်

အရာတော် ဇန်နဝါရီ ၂၀

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မြို့ကြီးလေးမြို့တွင် မြန်မာ့သနပ်ခါးနေ့ အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းထံမှ သိရသည်။**

တပို့တွဲလပြည့်နေ့ကို မြန်မာသနပ်ခါးနေ့အဖြစ် သတ်မှတ်၍ အရာတော်၊ ရွှေဘို၊ ရေစကြို၊ မြိုင်မြို့တို့တွင် ပထမအကြိမ် မြန်မာ့သနပ်ခါးနေ့ အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါးနေ့ အခမ်းအနားတွင် ယင်းမြို့လေးမြို့တို့ရှိ တန်ခိုးကြီးဘုရားများ၌ နံနက်ခင်းပိုင်းတွင် သနပ်ခါးဖြင့် ဘုရားမီးပူဇော်ခြင်း၊ လာရောက်မည့်သူများကို စတုဒိသာကျွေးမွေးခြင်းနှင့် သနပ်ခါးနှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ စတစ်ကာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် ညပိုင်းတွင် စာပေဟောပြောပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၄ ရက်က မုံရွာမြို့မှာရှိတဲ့ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းရုံးမှာ ကျင်းပတဲ့ အလုပ်အမှုဆောင် အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချကြတယ်။ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့ဆိုပြီး တရားဝင် သတ်မှတ်ကြဖို့နဲ့ အဲဒီနေ့မှာပဲ အရာတော်၊ ရွှေဘို၊ ရေစကြို၊ မြိုင်မြို့တို့မှာ မြန်မာ့သနပ်ခါးနေ့ကို ကျင်းပသွားပါမယ်"ဟု အသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။



ဇန်နဝါရီ ၁၄ ရက် အလုပ်အမှုဆောင်အစည်းအဝေးနေ့က ပွဲတော်အကြိုကျင်းပခဲ့စဉ်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို အစဉ်ထိန်းသိမ်းနိုင်စေရန်၊ မြန်မာများ သနပ်ခါးကို မြတ်နိုးတန်းဖိုးထားပြီး သနပ်ခါးလိမ်းတတ်သော အလေ့အကျင့်များ ရှိလာစေရန် စသောရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် သနပ်ခါးကို အရာတော်၊ ရွှေဘို၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်နှင့် မြိုင်စသည့် မြို့နယ်များတွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ယခုအခါတွင် ပြည်ပမှ သနပ်ခါးအလုကုန်များ ဝင်ရောက်လာသဖြင့် ပြည်တွင်းသနပ်ခါး ဈေးကွက်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်းလည်း သိရသည်။

**ကိုမင်း (အင်းတော်)**

# ကုလားပဲ မျိုးကောင်း မျိုးသန့် ထွက်ရှိရေး မျိုးပဲ၊ကွန်ပေါင်းမြေဩဇာနှင့် တမာပိုးသတ်ဆေးများ ထောက်ပံ့

**မလှိုင် ဇန်နဝါရီ ၂၀**

အဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာဖြစ်သည့် မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာတွင် စိုက်ပျိုးထားသော ရေဆင်း(၁၁)ကုလားပဲ မျိုးသန့်မျိုးပွား စံပြကွက်အတွက် ကွန်ပေါင်းမြေဩဇာနှင့် တမာပိုးသတ်ဆေးဘူးများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးရုံးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းယုက အဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာဖြစ်သည်နှင့် အညီ မျိုးကောင်း မျိုးသန့်များ ထွက်ရှိအောင် လိုအပ်သော ရေဆင်း(၁၁)ကုလားပဲ မျိုးများကို တစ်ဧကလျှင် တစ်တင်းနှုန်း ထောက်ပံ့ပေးပြီးဖြစ်ကြောင်း၊ လိုအပ်သော မြေဩဇာနှင့် ပိုးသတ်ဆေးဘူးများကို ဆက်လက်ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း၊ ထွက်ရှိလာသောမျိုးကောင်း မျိုးသန့်များကိုလည်း မြို့နယ်အတွင်းရှိ ကုလားပဲစိုက် တောင်သူများထံ ထပ်ဆင့်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မျိုးကောင်း မျိုးသန့် ပြန့်ပွားရေးအတွက် မြို့ကုန်းကျေးရွာမှ တောင်သူခုနစ်ဦး စိုက်ပျိုးထားသော ကုလားပဲ ၁၀ ဧကအတွက် ကွန်ပေါင်းမြေဩဇာနှင့် တမာပိုးသတ်ဆေးဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။ တစ်ဧကလျှင် ကွန်ပေါင်းမြေဩဇာတစ်အိတ်၊ တမာပိုးသတ်ဆေးဘူး တစ်ဘူးနှုန်းနှင့် မျိုးကုလားပဲ တစ်တင်းနှုန်း ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည် ။

**အောင်ဌေး (မလှိုင်)**

# လှိုင်းဘွဲ့မြို့နယ်အတွင်း ငမြှောင်တောင်ပိုး ကျရောက်မှု မရှိစေရေး ကွင်းဆင်းဆောင်ရွက်



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးနေစဉ်။

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ပြောင်းစိုက်တောင်သူများ၏ စိုက်ခင်းမြေများတွင် ငမြှောင်တောင်ပိုးများ ကျရောက်မှု မရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြောင်းစိုက်တောင်သူများ၏ စိုက်ခင်းမြေများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ပြောင်းစိုက်တောင်သူများ သီးနှံများ ဆုံးရှုံးပျက်စီးမှုမရှိဘဲ အကျိုးခံစားမှု အပြည့်အဝရရှိစေရန်နှင့်တောင်သူများ ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း၊ ပိုးသတ်ဆေးကိုမှားယွင်းစွာ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ရှောင်ရှားနိုင်စေရန် လယ်ယာစိုက်ခင်းများအရောက် ကွင်းဆင်း၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ မိမိတို့စိုက်ပျိုးထားသည့် လယ်ယာမြေများမှာ အခက်အခဲများ တွေ့ကြုံလာပါက စိုက်ပျိုးရေးဦးစီးဌာနသို့ လာရောက်၍ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကြည်ဝင်းက ပြောသည်။

**ခင်စန်းမြင့်**

# မြစိမ်းရောင်ကျေးရွာ (အသားကဏ္ဍ)ဆိတ်၊ ဝက် တိုးချဲ့မွေးမြူနိုင်ရေး ထောက်ပံ့ငွေများ ပေးအပ်

**မြိုင် ဇန်နဝါရီ ၂၀**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီး၍ မြစိမ်းရောင်ကျေးရွာ(အသားကဏ္ဍ)တွင် ဒေသထွက် ဆိတ်နှင့် ဝက် စသည့် မျိုးကောင်း မျိုးသန့် ရွေးချယ်မွေးမြူနိုင်ရေးအတွက် နိုင်ငံတော် ထောက်ပံ့ငွေကျပ်သိန်း ၃၃၀ ပေးအပ်ပွဲကို ယမန်နေ့က မြိုင်မြို့နယ် ဝက်ကျကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပခုက္ကူခရိုင်အတွင်းရှိ မြစိမ်းရောင်ကျေးရွာပေါင်း ၁၁ ရွာရှိပြီး မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးကျေးရွာ ရန်ပုံငွေနှင့် CP ကျေးရွာရန်ပုံငွေဖြင့် နိုင်ငံတော်မှထောက်ပံ့ငွေကျပ်သိန်းပေါင်း ၂၀၆၉ ပေးအပ်ထားကြောင်း၊ ခရိုင်အတွင်း၌ နွား ၁၄၈ ကောင်၊ သိုး ၁၈၅ ကောင်၊ ဆိတ် ၂၉၅၃ ကောင်နှင့် ဝက် ၁၀၈ ကောင် စသည့် တိရစ္ဆာန်များကို ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ယခင်နှစ်က ဝက်ကျကျေးရွာတွင် ဆိတ်ကောင်ရေ ၅၄၀၊ ဝက်ကောင်ရေ ၆၀ မွေးမြူနိုင်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ပေးအပ်၍ တစ်နှစ်ကြာ မွေးမြူရာ မွေးမြူရေးတွင် အောင်မြင်ပြီး အမြတ်ငွေကျပ် သိန်း၃၀ ရရှိသောကြောင့် ယခုဘဏ္ဍာနှစ်တွင် ဆိတ်နှင့် ဝက်ကို ဆက်လက်တိုးချဲ့မွေးမြူနိုင်စေရန် ထောက်ပံ့ငွေကျပ်သိန်း ၃၃၀ ကို ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူပြည်သားများ၏ စားဝတ်နေရေး၊အသားကဏ္ဍတိုးတက်မှု စသည်တို့အတွက် နိုင်ငံတော်မှ ထောက်ပံ့ ငွေများပေးအပ်ခြင်း ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဒေါက်တာ မြင့်ဦးက ပြောသည်။

မြိုင်မြို့နယ် ဘန့်ဘိုးမြစိမ်းရောင်ကျေးရွာ(အသားကဏ္ဍ)ဖွံ့ဖြိုးတိုးတက်ရေးများအတွက် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၂၅ သိန်းကို ဆိတ်၊ ဝက်၊ နွားမွေးမြူနိုင်ရန် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝက်ကျမြစိမ်းရောင်ကျေးရွာ အတွက် ငွေကျပ်သိန်း ၃၀၀ ကို နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့ရာ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် တစ်နှစ်ပြည့်သွားပြီး အတိုးရရှိငွေကျပ် ၃၆ သိန်း၊ မူလမတည်ငွေကျပ်သိန်း ၃၀၀ ရရှိခဲ့ကြောင်း၊ ကော်မတီ၏ အထွေထွေအသုံးစရိတ် ခြောက်သိန်း ကုန်ကျသောကြောင့် ကျန်ငွေကျပ်သိန်း ၃၃၀ကို မြန်မာ့စီးပွားရေးဘဏ်တွင် ဝက်ကျမြစိမ်းရောင် (အသားကဏ္ဍ)အမှတ်ဖြင့် ငွေလွှဲထားပြီး ဇန်နဝါရီ ၁၈ ရက်က ငွေပြန်လည်ထုတ်ယူကာ ဆိတ်၊ ဝက် မွေးမြူနိုင်ရေးအတွက် နိုင်ငံတော်မှ ဒုတိယအကြိမ်ထပ်မံ ထောက်ပံ့ငွေ ပေးအပ်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းကျော်မြင့်ထံမှ သိရသည်။

**ဆလိုင်းကိုကီး**

# ပြောင်းသီးနှံတွင် ငမြှောင်တောင်ပိုး ကျရောက်မှုနှင့် ကာကွယ်နှိမ်နင်းရေး

နေပြည်တော် ဇန်နဝါရီ ၂၀

**မြန်မာနိုင်ငံတွင် နှစ်စဉ်အစေ့ထုတ်ပြောင်း စိုက်ပျိုးလျက်ရှိပြီး မိုးရာသီနှင့်ဆောင်းရာသီတွင် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ မိုးအစေ့ထုတ်ပြောင်းအနေဖြင့် ဧက ၁၁ သိန်းခန့်ကို ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အဓိကထား စိုက်ပျိုးလေ့ရှိသည်။ ဆောင်းအစေ့ထုတ်ပြောင်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားပြီး ဧက ၁ ဒသမ ၅ သိန်းခန့် စိုက်ပျိုးလေ့ရှိသည်။ ထို့အပြင် မိုးနှင့်ဆောင်း ဖူးစားပြောင်းတို့ကို နေရာအနှံ့ ဧက လေးသိန်းခန့်စီ စိုက်ပျိုးကြသည်။**



(Fall Armyworm-FAW) ဖော +မြှောင်တောင်ဖျက်ပိုး မျိုးစိတ်သစ်

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြောင်းစိုက်ဧရိယာဧက ၁၄၂၂၀ အနက် ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့ရှိ မြို့နယ်၁၅ မြို့နယ်အတွင်း ဧက ၁၃၆၀၁၃ တွင် ငမြှောင်တောင်ပိုး FAWဖျက်ဆီးမှုကို တွေ့ရှိကာကွယ်လျက်ရှိရာ ထိခိုက်ပျက်စီးစေနိုင်သော ဧကမှာ ၃၉၅၇၂ ဧကဖြစ်ပြီး ယနေ့အထိ ၆၅၅၉ ဧက ထိခိုက်မှုရှိနေသည်။

လတ်တလောတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်၊ နေပြည်တော်နှင့် တပ်ကုန်းမြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ ဇလွန် မြို့နယ်နှင့် ဟင်္သာတ မြို့နယ်အတွင်းရှိ ဆောင်းအစေ့ထုတ်ပြောင်းသီးနှံ စိုက်ခင်းများတွင် ကျရောက်နေသော ငမြှောင်တောင်ဖျက်ပိုး မျိုးစိတ်အသစ် (Fall Armyworm-FAW) ဖြစ်ကြောင်း အတည်ပြု သတ်မှတ်သည်။ ယင်းမျိုးစိတ်မှာ မူရင်းဒေသ အမေရိကဖြစ်သည့် ဖော+မြှောင်တောင်ပိုး (Fall Armyworm - FAW) Spodopteraflugiperda (J.E Smith) (Lepidoptera: Noctuidae) သည် ၂၀၁၆ခုနှစ်တွင် အာဖရိကနိုင်ငံများသို့ ရောက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် အာရှတိုက်အတွင်းရှိ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိကာ ဖျက်ဆီးလျက်ရှိသည်။ ဖော+မြှောင်တောင်ဖျက်ပိုး မျိုးစိတ်အသစ်သည် ပြောင်းနှင့် အခြားသီးနှံများ ဖြစ်သည့် စပါး၊ ဟင်းသီးဟင်းရွက်၊ ဝါသီးနှံအပါအဝင် အခြားသီးနှံအမျိုးအစား စုစုပေါင်း ၈၀ ကျော်တို့ကို ကျရောက်ဖျက်ဆီးနိုင်သည့်အပြင် တစ်ညအတွင်း ၁၀၀ ကီလိုမီတာအထိ ပျံသန်းနိုင်စွမ်းရှိသဖြင့် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိနိုင်ပါသည်။ ယခုမြန်မာနိုင်ငံတွင် ဖျက်ဆီးမှုအပင်မှာ ပြောင်းပင်၏ပင်ပိုင်း ကြီးထွားချိန်နှင့် မျိုးပွားချိန်တွင် ဖျက်ဆီးမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ဖော + မြှောင်တောင်ဖျက်ပိုးများသည် ဥမြုံဘဝနှင့် လောက် ကောင်ငယ်အဆင့်တွင် နှိမ်နင်းရန် အကောင်းဆုံးအချိန်ဖြစ်၍ မိမိတို့၏ စိုက်ခင်းအတွင်း အပင်ငယ်စဉ် Tassel မထွက်ခင် အဆင့်အထိ ကင်းထောက် စစ်ဆေးခြင်းများ အဆက်မပြတ် ပြုလုပ်၍ ကာကွယ်ရမည် ဖြစ်သည်။

ဖော+မြှောင်တောင်ဖျက်ပိုး မျိုးစိတ်အသစ်သည် ပျံ့နှံ့နှုန်းနှင့် ပေါက်ပွားနှုန်း အလွန်မြန်သဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်းခြင်းမရှိပါက သီးနှံအထွက်နှုန်း လျော့ကျစေနိုင်ပြီး အကျိုးစီးပွားထိခိုက်သည်အထိ ဖျက်ဆီးနိုင်၍ အလေးထားကာကွယ်သင့်သည့် ဖျက်ပိုးဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖျက်ပိုးကာကွယ်နှိမ်နင်းထိန်းချုပ်ရန်အတွက် ကြိုတင်အသိပေးနှိုးဆော်ချက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ပြီးဖြစ်ကြောင်း သိရသည်။

**အောင်မိုး (စိုက်ပျိုးရေး)**


# ညောင်လေးပင်မြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် စတင်ကျင်းပ

**ညောင်လေးပင် ဇန်နဝါရီ ၂၀**
နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်လေးပင်မြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ယခုနှစ်တွင် (၉၂)ကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက စတင်ကျင်းပခဲ့ပြီး ညောင်လေးပင်မြို့ ဘုရားကြီးလမ်းစုရပ်မှ စတင်၍ မြို့တွင်းလှည့်လည် ပူဇော်ခဲ့ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ရာတွင် ညောင်လေးပင်မြို့နယ်အတွင်း ရပ်ကွက်အသီးသီးရှိ သာသနာ့အကျိုးတော်ဆောင်များ၊ ပရိတ်အဖွဲ့နှင့် ဝတ်အသင်းဝင်များက အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် မေတ္တာပို့များ ရွတ်ဆိုပူဇော်ကာ မြို့တွင်းလမ်းများသို့ လှည့်လည်ကြပြီးနောက် မြို့နေပြည်သူများက ရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးများ လှူဒါန်းပူဇော်ကြသည်။

ဘုရားများ မြို့တွင်းလှည့်လည် အပူဇော်ခံရာတွင် ပထမနေ့တွင် ဘုရားကြီးလမ်းစုရပ်မှ ထွက်ခွာပြီး ဒုတိယနေ့တွင် ရွာသစ် စုရပ်မှလည်းကောင်း၊ တတိယနေ့တွင် ရွှေဝါထွန်းလမ်း စုရပ်မှလည်းကောင်း၊ စတုတ္ထနေ့တွင် ဆည်မြောင်းစုရပ်မှလည်းကောင်း ထွက်ခွာ၍ ရပ်ကွက်နှင့် လမ်းအသီးသီးသို့ လှည့်လည်သွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်များက သုံးရက်သာ လှည့်လည်ခဲ့သော်လည်း ယခုနှစ်မှ စတင်ကာ ရပ်ကွက်နှင့်လမ်းများ တိုး၍ လေးရက် လှည့်လည်ခြင်းဖြစ်ကြောင်း၊ ဘုရားများလှည့်လည်ပူဇော်ပွဲ ရက်များအတွင်း ပရိတ်အဖွဲ့များ၊ ဝတ်အသင်းဝင်များ၊ အကျိုးဆောင်အဖွဲ့ဝင်များအား အလှူရှင်များက လမ်းအလိုက် အာဟာရဒါနများ ကျွေးမွေးလှူဒါန်းကြကာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း (ညောင်လေးပင်)**


မြို့တွင်းလှည့်လည်လာသော ဘုရားပင့်ယာဉ်တစ်စီးကို တွေ့ရစဉ်။


အပန်းဖြေစခန်းရှိ အပျော်စီးလှေနှင့် အရုပ်ဖောကွင်းများကို တွေ့ရစဉ်။

# မင်းကွန်းဒေသ၌ မင်းကွန်းမြစ်ရော အပန်းဖြေစခန်း ဖွင့်လှစ်ထား

**စစ်ကိုင်း ဇန်နဝါရီ ၂၀**
စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသသို့ လာရောက်လည်ပတ်မည့် ပြည်တွင်းပြည်ပ ဘုရားဖူး ခရီးသွားဧည့်သည်များ ဘုရားဖူးရင်း အပန်းဖြေ အနားယူနိုင်ရန်အတွက် မင်းကွန်းမြစ်ရောအမည်ရှိ အပန်းဖြေစခန်းတစ်ခုကို ဆောင်ရွက်ဖွင့်လှစ်ထားကြောင်း မင်းကွန်းကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

မင်းကွန်းမြစ်ရော အပန်းဖြေစခန်းကို မင်းကွန်းဒေသ ချစ်မြတ်နိုးသူများ ပူးပေါင်းကာ မင်းကွန်း ခြင်္သေ့ကြီး နှစ်ကောင်ရှေ့ ကမ်းစပ်သောင်ပြင်၌ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ အပန်းဖြေစခန်းတွင် အမိုက်ကင်းမဲ့ဇုန်နေရာ ဖော်ဆောင်ထားပြီး ကလေးများ ရေဆော့ကစားရန် အရုပ်ဖောကွင်းများ၊ နားနေဆောင်များ၊ အလှပန်းအိုးများ၊ အပျော်စီးလှေများ စသည်တို့ကိုလည်း ထားရှိပေးကာ မည်သူမဆို အခမဲ့ လာရောက်အပန်းဖြေနိုင်ကြောင်း မင်းကွန်းဒေသခံ ကိုကျော်မျိုးခိုင်က ပြောကြားသည်။

"မင်းကွန်းကို လာလည်တဲ့အခါ ရှေးဟောင်းအမွေအနှစ် ဘာသာရေးတစ်ခုပဲ ရှိတယ်၊ ဒါကြောင့် ဒီဘက်ကိုလည်း အပန်းဖြေ အနားယူလို့ရအောင်၊ လည်ပတ်စရာ နေရာလေးဖြစ်အောင် လုပ်မယ်လို့ စိတ်ကူးပြီး မင်းကွန်းဒေသ ချစ်မြတ်နိုးသူတွေ၊ တန်ဖိုးထားသူတွေ ပူးပေါင်းပြီး အကောင်အထည်ဖော်လိုက်တာပါ၊ အဓိကကတော့ ဆိပ်ကမ်းသာယာလှပရေးနဲ့ လာရောက်တဲ့ ခရီးသွားပြည်သူတွေ အပန်းဖြေ အနားယူနိုင်ရေးအတွက် ကြိုးစားပေးတာပါ၊ အဲဒီမှာ ဒေသခံတွေ ဈေးရောင်းရမယ်၊ ရွှေလှည်းယဉ်နဲ့ မြင်းအလှစီးလည်း ပါမယ်၊ အဲဒါကတော့ တစ်ခါစီး ဘယ်လောက်ဆိုပြီး အခကြေးငွေကို သူတို့က ကောက်ပါမယ်"ဟု ကိုကျော်မျိုးခိုင်က ဆက်ပြောပြသည်။

ထို့အပြင် မင်းကွန်းဒေသ ဆိပ်ကမ်းသာယာလှပရေးအတွက် စက်တော်ရာဆိပ်ကမ်းနှင့် ပုထိုးတော်ကြီး ပုံစံငယ်ကိုဆောင်ရွက်ထားပြီး သဘော်ဆိပ်ကမ်းတစ်လျှောက်တွင် အလှပန်းအိုးများ စိုက်ထားကြောင်း၊ မင်းကွန်းဒေသ သာယာလှပရေးနှင့် ခရီးသွားများ ပိုမိုဝင်ရောက်လာရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်းလည်း ၎င်းက ပြောသည်။

မင်းကွန်းဒေသသို့ လာရောက်လည်ပတ်နေကြသည့် ကမ္ဘာလှည့်ခရီးသွားများအနက် အများစုမှာ မန္တလေးမြို့မှတစ်ဆင့် Tours သင်္ဘောများဖြင့် လာရောက်လည်ပတ်ကြသူများက အများဆုံးဖြစ်ကာ ကားလမ်းပိုင်းမှ လာရောက်လည်ပတ်သူ နည်းပါးကြောင်းနှင့် မင်းကွန်းဒေသသည် နှစ်စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်အရေအတွက် သိန်းချီဝင်ရောက်နေသော ဒေသဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပြပွဲတွင် အာနန္ဒစန္ဒြကျောက်စာပါ အကြောင်းအရာများ ခင်းကျင်းပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**
ရခိုင်တိုင်းရင်းသားတို့၏ အတိတ်ကာလ သမိုင်းကြောင်းနှင့် စာပေအရေးအသားတို့ကို လေ့လာနိုင်မည့် ရခိုင်ရှေးဟောင်းကျောက်စာတစ်ခုဖြစ်သော အာနန္ဒစန္ဒြကျောက်စာပါ အကြောင်းအရာများကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် 'သွေးချင်းတို့ရဲ့ပွဲတော်ဆီ' တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ကြီးရှိ ရခိုင်ပြည်နယ်ပြခန်း၌ အခမဲ့ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာနန္ဒစန္ဒြကျောက်စာသည် ရခိုင်သမိုင်းစဉ်တွင် အရေးကြီးပြီး ရခိုင်လူမျိုးများအတွက် တန်ဖိုးမဖြတ်နိုင်သော ကျောက်စာဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် မေလက ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ(MOWCAP)၏ ဆဋ္ဌမအကြိမ်မြောက် အထွေထွေအစည်းအဝေးတွင် မြန်မာနိုင်ငံမှတင်သွင်းသော အာနန္ဒစန္ဒြကျောက်စာနှင့်အတူ ၁၉၃၄ ခုနှစ်က ရိုက်ကူးခဲ့သော မြဂနိုင်ရုပ်ရှင်တို့သည် အာရှ-ပစိဖိတ်ဒေသတွင်းမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံခဲ့ရကြောင်းလည်း သိရသည်။

အာနန္ဒစန္ဒြကျောက်စာ၏ ကျောက်စာရေးထိုးနှစ်နှင့် နောက်ထပ်တွေ့ရှိချက်များဖြစ်သော ကျောက်စာအက္ခရာများ၊ ခေတ်အဆက်ဆက်မှ ရခိုင်ဒင်္ဂါးများ၊ ကျောက်စာပါ မင်းအချို့၏ နန်းစံနှစ် ကွဲလွဲချက်များ၊ နောက်ထပ်တွေ့ရှိရသော စာလုံးနှင့် စာသားအချို့ ကျောက်စာရေးထိုးသည့်ခုနှစ် စသည်တို့ကို ခေတ်မီကွန်ပျူတာနည်းပညာအသုံးပြု၍ စတေကာ ကားချပ်များဖြင့် ပြခန်းသဖွယ် စနစ်တကျပြုလုပ်ကာ ၂၀၁၇ နိုဝင်ဘာလအတွင်းက ရန်ကုန်မြို့ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင်လည်းကောင်း၊ မြောက်ဦးမြို့ရှိ မြောက်ဦးဟိုတယ်တွင်လည်းကောင်း၊ စစ်တွေမြို့ရှိ SS Food Centre ၌လည်းကောင်း ပြသခဲ့ပြီး ၂၀၁၈ ဇန်နဝါရီလတွင်လည်း ရန်ကုန်မြို့တော်ဝင်ဂါးဒင်းဟိုတယ်၌ ပြသခဲ့ကာ ယခု 'သွေးချင်းတို့ရဲ့ပွဲတော်ဆီ' ပြပွဲကြီးတွင် ထပ်မံပြသသွားမည်ဖြစ်ကြောင်း ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ သိရသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**

# မြန်မာ-ထိုင်း အလုပ်သမားရေးရာကျွမ်းကျင်သူများ၏ ညှိနှိုင်းအစည်းအဝေး နေပြည်တော်၌ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၀**
မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်၍ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များဖြစ်သော ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ သံမှူးကြီးနှင့် အလုပ်သမားသံအရာရှိ အပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၇ ဦးနှင့် ထိုင်းနိုင်ငံဘက်မှ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်ဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Petcharat Sinauy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၈ ဦး တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်သည့် MoU လုပ်ငန်းစဉ်၊ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ထိုင်းနိုင်ငံ ရေလုပ်ငန်းများ၌ လုပ်ကိုင်နေသော မြန်မာရေလုပ်သားများနှင့် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာရေလုပ်သားများစေလွှတ်နိုင်ရေး ကိစ္စရပ်များ၊ ဆေးစစ်ခြင်း၊ MoU စနစ်ဖြင့် ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခြင်း လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ် သတ်မှတ်ခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ပြစ်မှုမှတ်တမ်းစစ်ဆေးခြင်း အပါအဝင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာသဘောတူစာချုပ်ကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် မြန်မာအလုပ်သမားများအား ထိုင်းအလုပ်ရှင်များမှ လာရောက်ရွေးချယ်ခြင်းအတွက် ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ရတနာ**


မြန်မာ-ထိုင်း နှစ်နိုင်ငံမှ တာဝန်ရှိသူများ ဆွေးနွေးနေစဉ်။

# ရွှေပြည်သာမြို့နယ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၀**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြင့်မိုရ်ရိပ် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို လှော်ကား ဝါးတရာလမ်းမကြီးဘေးရှိ အဆိုပါအထက်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်တို့က အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှ ရဲအုပ်သန်းလင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်တင်နွယ်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပညာရှင် ဒေါ်နော်ခူးခူး၊ လူကုန်ကူးမှု ပပျောက်ရေးနှင့် ကလေးသူငယ်ကာကွယ်ရေးအဖွဲ့မှ ဒေါ်ခင်စိုးသိန်းတို့က လူကုန်ကူးခံရမှုနှင့်စပ်လျဉ်းသော ဥပဒေနှင့် နည်းဥပဒေများ၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရန် သတိပြုရမည့် အချက်များကို အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် မြင့်မိုရ်ရိပ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဟောပြောပေးခဲ့သော တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်း မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။

ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm

Facebook - Times City Yangon - Myanmar

Email - timescityproject@gmail.com

# "အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် ဇန်နဝါရီ (၄)ရက်နေ့တွင် **ဦးမျိုးညွန့်** (Executive Chairman Star Moe Yan လုပ်ငန်းစု)အား **သီဟသုဓမ္မဇောတဓရ** ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် သာသနာ့အကျိုး၊ အများအကျိုးကို သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးလေး - ဦးသိန်းမောင်-ဒေါ်သန်းသန်းမြင့် မိသားစု**
**အစ်မကြီး - ဦးသိန်းသန်း-ဒေါ်စန်းစန်းလှ မိသားစု**
**အစ်မလတ် - ဦးမျိုးဝင်းနိုင်-ဒေါ်သန်းသန်းလှ မိသားစု**
**အစ်မငယ် - ဦးမျိုး-ဒေါ်လီလီလှ မိသားစု**
**ညီမ - ဒေါ်ထွေးထွေးလှ မိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/2486၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4506 Isuzu ELFNPR81P Light Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၉/တတဥ(နိုင်)၀၂၆၀၇၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၉၉၄၂၆ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထွန်း ၅/ငဇန(နိုင်) ၀၂၀၅၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၉၃၈၈၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုပိုပိုအောင် ၉/ခအဇ (နိုင်)၀၃၂၀၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊မြေကွက်အမှတ်(၁၃၀/ခ)၊မြေကွက်တည်နေရာအမှတ်(၁၃၀/ခ)၊ရာဇသင်္ကြန်လမ်း၊(၇၀)ရပ်ကွက်၊ဒဂုံတောင်၊ဦးသန်းနိုင်(TGO-၁၂၄၃၄၄)အမည်ပေါက်၊ပါမစ်မြေမြေအားပါမစ်အမည်ပေါက်ဦးသန်းနိုင်(TGO-၁၂၄၃၄၄)ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်(၂၉-၉-၂၀၁၄)ရက်နေ့တွင်ဒေါ်အေးအေး(BTHG-၀၀၂၇၉၈)မှဝယ်ယူခဲ့ပြီး၎င်း၏မြေချပါမစ်မူရင်းမှာသိမ်းဆည်းထားရာမှပျောက်ဆုံးသွားပါသဖြင့်ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ကတိသစ္စာပြုလွှာအမှတ်-၁၆၁၅၈/၁၆ဖြင့်ပါမစ်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းနှင့်အခြားမည်သူ့ကိုမှုရောင်းချ/ပေါင်နှံ/ပေးကမ်း/စွန့်လွှတ်/လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းမရှိကြောင်း၊ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကျိန်လွှာ၊ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်များဖြင့်မြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်ပျဉ်ထောင်သွပ်မိုးအဆောက်အဦး(၁)လုံးရှိပြီးအိမ်ငှားများနေထိုင်ပါသည်။လျှောက်ထားသူမှအိမ်ငှားထားရှိခြင်းအတွက်တာဝန်ယူပါကြောင်းဝန်ခံကတိတင်ပြလာပါသဖြင့်တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်သစ်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်၍ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5096 Hino Truck (8x4) ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၃/မဝတ(နိုင်)၀၀၀၇၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7221 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဗိုလ်မှူးချုပ်ဒီအိုအောဘဲလ် [ဝန်ကြီး(ငြိမ်း)]
### ကြည်း-၇၀၈၆
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ [မစ္စတာအေတီအောဘယ်(လ်)-ဒေါ်ရစ်ချယ်]တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ် ၄၄၉/QR၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ ၁၂ ယောက်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ ရက် နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဝင်း B.Sc,Engg(Electrical)
ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)
မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း
အသက်(၈၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နေ ဦးရာလှ-ဒေါ်စိန်(မြောင်မြို့ အစိုးရ အထက်တန်းကျောင်း၊ ရာသက်ပန်ရွှေတံဆိပ်အလှူရှင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ မြသီတာအိမ်ရာ၊ အမှတ် ၁၉၀နေ (ဒေါ်တင်တင်ဟန်)၏ခင်ပွန်း၊ ဒေါ်ထားထား(ပြည်ထောင်စုတရား လွှတ်တော်ချုပ်)၊ ဦးကျော်ကျော်(မြန်မာ့လျှပ်စစ်၊ငြိမ်း)၊ ဒေါ်ကျော့ကျော့(ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန)တို့၏ဖခင်၊ မအေးအေးသန်း၊ မအုပ်လွဲတို့၏ဘိုးဘိုးကြီးသည် ၁၉-၁-၂၀၁၉ရက် (စနေနေ့)နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်း
ဒုအင်ဂျင်နီယာချုပ်(ငြိမ်း)
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အသက်(၈၅)နှစ်

၁၉၆၁ ခုနှစ်မှစ၍ မြောင်မြို့ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ပထမဆုရ ကျောင်းသားများအား နှစ်စဉ် ဦးရာလှ-ဒေါ်စိန် ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့သော အလှူရှင် ဦးဝင်းသည် ၁၉-၁-၂၀၁၉ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ
အထက(မြောင်မြို့)

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသန္တာမင်း
ပါမောက္ခ(ကျောင်းအုပ်)၊ မော်ဘီနယ်မြေ
အသက်(၅၅)နှစ်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မော်ဘီနယ်မြေမှ ပါမောက္ခ(ကျောင်းအုပ်) ဒေါက်တာသန္တာမင်းသည် ၁၉-၁-၂၀၁၉ ရက် (စနေနေ့)ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

---

### ဒေါ်နုမဖြူ မြေပုံမြို့နယ်အသင်း(ရန်ကုန်) အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ရွှေညောင်လမ်း၊ အမှတ် (၁၅၃၅/က) နေ ဒေါ်ခင်မေအုန်း၊ ဦးလှရွှေ၊ ဒေါ်စုစုငွေ၊ ဒေါ်အေးအေးငွေ၊ မောင်လှငွေ၊ မောင်အောင်စိုးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဦးကျော်လှအောင်၏ဇနီးသည် ၁၉-၁-၂၀၁၉ရက်(စနေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၉ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

---

### ဒေါ်ခင်သန်းအေး (လက်ပံတန်း)
မန်နေဂျာ(စက်မှု/စားကုန်)
အသက်(၇၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၃၀နေ (သခင်စိန်မောင်-ဒေါ်အေးချို)တို့၏သမီး၊ (ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ခင်ဝင်းမာ)တို့၏ညီမ၊ အစ်မ၊ ဦးမျိုးညွန့်၏ဇနီး၊ (ဦးဇေယျာမျိုး)-ဒေါ်သီဂီဝင်း၊ ဦးမျိုးသက်စိုး(Uniteam Marine Co.,Ltd)-ဒေါ်သီရိဇော်တို့၏မိခင်၊ မောင်မျိုးမြင့်မောင်မောင်ပြုံး၊ မသက်သွန်းသီရိတို့၏အဘွားသည် ၁၉-၁-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ကိုကျော်ကျော်
**CDC-78927**
**MT.AQUABELLE**
**M.T.M Ship Management**
အသက်(၃၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ရွာနေ ဦးတင်ဝင်း-ဒေါ်အေးအေးဆင့်တို့၏သား၊ ကော့မှူးမြို့နယ်နေ ဦးညဏ်လွင်-ဒေါ်ဖြူလုံးတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွာမ(၁)လမ်း၊ အမှတ် ၃၈၀နေ မသင်းသင်းကြိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဘုန်းသန့်၏ဖခင်သည် ၂၀-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၀နာရီတွင် အင်ဒိုနီးရှားနိုင်ငံ၊ ပီကန်ဘာရူးမြို့တွင် မြန်မာဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### အများသိစေရန်
### အသိပေးကြေညာခြင်း

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၈၊ မြေကွက်အမှတ် ၁၆၂၆/က၊ မြေကွက်တည်နေရာအမှတ် ၁၆၂၆/က၊ စည်ပင်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးငွေအောင် ၁၂/သဃက(နိုင်) ၁၀၉၃၆၃ HGU-013209 အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား နှစ်(၆၀)ဂရန်အမည်ပေါက် ဦးငွေအောင် ၁၂/သဃက(နိုင်) ၁၀၉၃၆၃ HGU-013209 မှ ၄င်း၏ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ကျမ်းသစ္စာပေးသူအရာရှိ၏ ကျမ်းကျိန်လွှာအမှတ် ၁၃၉၁/၁၈(၁၈-၇-၂၀၁၈)ဖြင့် ဂရန်မူရင်းသည်သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားပါကြောင်း မြေတိုင်း(၁၈)၊ မြေကွက်(၁၆၂၆/က)၏ အကျယ်အဝန်းမှာ ၂၀'၆'× ၆၀' ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာဂရန်မူရင်း ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိပါသဖြင့် ဂရန်မိတ္တူခွင့်ပြုခဲ့ပြီးဖြစ်၍ မြို့မြေစာရင်းတွင် အမှုတွဲအမှတ် ဆ/ဂရန်/၁၆၂၆-က/၁၈ အရ (၄-၇-၉၅)ဖြင့် ဦးငွေအောင် HGU-၀၁၃၂၀၉ အမည်ဖြင့် ထုတ်ပေးခဲ့သော နှစ်(၆၀)ဂရန် မြေငှားစာချုပ်(ဂရန်)မူရင်းအား ရုံးတွင်းမိန့်အမှတ် ၄၂၃၁/၂၀၁၈ဖြင့် (၁၇-၁၂-၂၀၁၈)ရက်တွင် ဤဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်အောဘဲလ် (ငြိမ်း)
နာယက
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း
အသက်(၈၄)နှစ်

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း နာယကကြီး ဗိုလ်မှူးချုပ်အောဘဲလ်(ငြိမ်း)သည် ၂၀-၁-၂၀၁၉ ရက် နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဖွဲ့ဝင်လူကြီးများ**
**ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း**
**ရန်ကုန်နှင့် မန္တလေး**

---

## ရဲတပ်ကြပ်ကြီးအုန်းရွှေ (ငြိမ်း)
လ/၁၂၉၄၃
အိုးသည်ကုန်းမြို့
အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့နေ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ ဦးညွန့်လှိုင်(အား/ကာ-ငြိမ်း)-ဒေါ်ခင်အေးကြူ(အထက်တန်းပြ-ငြိမ်း)တို့၏ဦးလေး၊ ဦးမြင့်သူ(MEGA ONE GARMENT Co.,Ltd)-ဒေါ်သန်းသန်း လင်း(ဒုဦးစီးမှူး စိုက်/မွေး၊ ဆည်)၊ (ရဲတပ်ကြပ်စိုးလွင်)-ဒေါ်အုန်းကြည်၊ ဗိုလ်ကြီးဇော်ဝင်း(ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်နုနုဝေ(JAT၊ အလက-၃၊ အထက-ခွဲ)၊ အုပ်ခွဲတပ်ကြပ်ကြီးညွန့်ဝင်း(ကပစ-၁၄)-ဒေါ်အုန်းကြည်(ကပစ-၁၄)၊ အရာခံဗိုလ်အောင်အောင်(တဆရ-၃၀၀၊ ရန်ကုန်)-ဒေါ်သိန်းချစ်၊ ဒုရဲအုပ်မောင်ရှန်(နစက-၆)-ဒေါ်ခင်သီတာအေး၊ ဦးသန်းထွဋ်လင်း-ဒေါ်တိုးတိုးလွင်၊ ဦးသက်ဇော်ဦး-ဒေါ်အေးအေးသိန်းတို့၏ဖခင်၊ မြေး၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၂၀နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ RMB-37 နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ဘီနာ(ခ) BINA SARKAR
(ကျောက်ဖြူ၊ ဝါးခယ်မ)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၆၆(ဒု-ထပ်/A)နေ (DR.B.C.DAS - MRS S.K.DAS)တို့၏သမီး၊ [ဦးဖော်နီ(ခ)F.L.SARKAR]၏ဇနီး၊ ဦးဘနီ-ဒေါ်မာလာ၊ ဦးသာအောင်-ဒေါ်ညိုညို၊ ဦးဘတင်-ဒေါ်လှကြည်၊ ဒေါ်စိန်စိန်၊ ဦးကျော်အေး၊ ဦးကျော်မြင့်-ဒေါ်နီလာစောတို့၏မိခင်၊ မြေး၁၃ယောက်၊ မြစ်ခြောက်ယောက် တို့၏ဘွားဘွားကြီးသည် ၁၉-၁-၂၀၁၉ရက် (စနေနေ့) ည ၉း၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်နှင့် မေတ္တာညွန့်ရပ်ကွက်နေအိမ်တို့မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါက်တာသန္တာမင်း (ရေနံချောင်း)
ပါမောက္ခ၊ကျောင်းအုပ်၊ မော်ဘီနယ်မြေ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အသက်(၅၅)နှစ်

ဦးလှမောင်-ဒေါ်သိန်းကြွယ်၊ ဦးစောလှိုင်-ဒေါ်သိန်းတင့်တို့၏မြေး၊ ရေနံချောင်းမြို့၊ ရွှေဘုံသာ(LUCKY)နေ (ဒေါက်တာဦးမင်းထွဋ်)-ဒေါ်မြင့်မြင့်သန်း တို့၏သမီး၊ ဒေါက်တာမဋ္ဌာမင်း(ဒုတိယပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်)၏ညီမ၊ ဦးဇော်ဇော်လှိုင်-ဒေါ်ယဉ်ထွေးမင်း (အင်/ယာမှူး၊ ရေနံချောင်း ရေနံမြေ)၏အစ်မ၊ မတွယ်တာမှူးခင်(ပထမနှစ်၊ ဆေးတက္ကသိုလ်၊ မကွေး)၊ မချမ်းမြမှူးခင်တို့၏အဒေါ်၊ မောင်မင်းပြည့်စုံ(နောက်ဆုံးနှစ်၊ Mechatronics၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ ချစ်လှစွာသောမိခင်သည် ၁၉-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၁၅ နာရီတွင် ရေနံချောင်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရွှေဘုံသာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းမြင့်
(ရုံးအုပ်၊ ညွှန်ကြားရေးမှူးရုံး)ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦး ၁လမ်း၊ အမှတ် ၅၀၃နေ (ဦးလှအေး-ဒေါ်ယဉ်နွဲ့)တို့၏သမီး၊ ဦးမျိုးညွန့်၊ (ဦးမျိုးအောင်)-ဒေါ်ဝင်းကြည်(တာမွေမြို့နယ်၊ သ/မ အသင်းစုလီမိတက်)၊ ဦးအောင်ကျော်စွာ-ဒေါ်မေစန်းအေး၊ (ဦးတင်စန်း)-ဒေါ်အေးအေးမြင့်(ခ)ဒေါ်အေး၊ ဒေါ်ခင်သန်းနွဲ့တို့၏ညီမ၊ မဆုမွန်ဖြိုး(မြဝတီဘဏ်၊ မြောက်ဒဂုံ)၊ မတင်ရတနာ (နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မချောရတီကျော်(ဒဂုံတက္ကသိုလ်)၊ မောင်စည်သူညွန့်ဝေ၊ မဖြူစင်ဝင်းပပ(ထ-၁၊ မြောက်ဒဂုံ)၊မောင်စွမ်းပြည့်စုံထွန်း(ထ/၄၊ ဗိုလ်တထောင်)တို့၏အဒေါ်သည် ၂၀-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက်၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေသရ(ခ)ဦးကျော်
(ဇနိတာရာမမိုးကုတ်ရိပ်သာ၊ စိန်ရွှေကုန်း)
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ငြိမ်း)
သက်တော် (၁၀၀)၊ သိက္ခာတော် (၂၃)ဝါ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ် (၅)နေ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလင်းထိန်-ဒေါ်ဝင်းဝင်းငွေတို့၏ဖခင်သည် ၁၉-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဥူးသီလာစာရ (တရားပြဆရာတော်)
အနောက်စွန်းလွန်းဂူ ဝိပဿနာကျောင်း၊ အင်းတကော်မြို့နယ်၊
ပဲခူးတိုင်းဒေသကြီး
သက်တော်(၇၀)၊ သိက္ခာတော် (၁၄)ဝါ

ရန်ကုန်မြို့နေ ဦးဝင်းစိုး-ဒေါ်ဝင်းမြင့်၊ (ဦးဝင်းထိန်)-ဒေါ်အေးမြင့်ကြူ၊ ဦးသန့်ဇော်-ဒေါ်အေးမြင့်ကြည်၊(ဦးရွှေထွန်း)-ဒေါ်မိုးနန္ဒာစိုး၊ ဦးသက်ချို-ဒေါ်သန်းသန်းချို၊ ကိုစံရွှေမောင်-မစိုးစိုးခိုင်၊ ကိုမျိုးသန့်-မအေးအေးခိုင်တို့၏အစ်ကို၊ ရဟန်းအမဒေါ်သန်းရီ၊ ကိုဟိန်းသူရ-မစုစုလတ်၊ ကိုရဲထွန်းနိုင်-မဝေဝေလတ်၊ (ကိုဇော်ဝင်းနိုင်)-မငွေးမိစံ၊ ကိုရဲမင်းစိုး-မကေသီထွန်းတို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၉-၁-၂၀၁၉ရက်(စနေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ အမှတ်(၁၉၀/၂)၊ ၄က်တော်လမ်း မိသားစုနေအိမ်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနမီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း လမ်းတံတားဒါယိကာမကြီး
## ဒေါ်ထွေးကျင် (တာဝကျေးရွာ၊ ပဲခူးမြို့)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် ၁၃၆၊ လေးလွှာနေ (ဦးထံယား-ဒေါ်ရွှေဖော့)တို့၏သမီး ဒေါ်ထွေးကျင်သည် ၁၉-၁-၂၀၁၉ ရက် နံနက် ၉း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမြင့်အောင် အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးသန်းအောင်)-ဒေါ်သန်းနုတို့၏သား၊ ဦးခင်မောင်ဝင်း-ဒေါ်တူးတူးမေတို့၏သားသမက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၂)ရပ်ကွက်၊ တိုက်(၂၁)၊ အခန်း(၁၀၂)၊ စံပယ်လမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်ဝင်းမာသန်း(Htoo Group of Companies)၏ ခင်ပွန်း၊ မောင်မျိုးဇနည်ထွဋ်(ဘိုဘို)(ဒုတိယနှစ်၊ အဝေးသင်)၊ မမေသော်တာမြင့်အောင်(အဋ္ဌမတန်း၊ အထက-၂၊ လသာ)တို့၏ဖခင်၊ (ဦးရဲလွင်)-ဒေါ်မော်လီ၊ (ဦးစိုးဝင်း)၊ ဒေါ်နုနုအောင်၊ ဒေါ်ဝေဝေအောင်၊ ဦးဝင်းထိုက်တို့၏ညီ/မောင်သည် ၁၈-၁-၂၀၁၉ရက်(သောကြာနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ယုဇနဥယျာဉ်မြို့တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုလေး (မြသိဒ္ဓိဆန်စက်-ဝါးခယ်မမြို့)
အသက်(၆၈)နှစ်

(ဦးရန်ကီး-ဒေါ်ညွန့်)တို့၏သားသမက်၊ (ဦးအောင်ရှင်)-ဒေါ်ကြင်၊ ဦးကျင်ရွှေ-ဒေါ်မေခင်၊ ဦးမျိုးဆန်း-ဒေါ်ညွန့်ရီ၊ ဦးခင်မောင်တင့်-ဒေါ်ညွန့်လှိုင်တို့၏ညီ/မောင်၊ ငြိမ်းချမ်းကိုကို၊ ငြိမ်းချမ်းကိုငယ်၊ ယမင်းကိုလေးတို့၏ဖခင်၊ (ဒေါ်ကျင်လှိုင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၁၉ရက်(စနေနေ့)India စံတော်ချိန် ၁၀း၃၀နာရီတွင် India နိုင်ငံ Chennai မြို့ရှိ Global Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ရက် အိန္ဒိယစံတော်ချိန်၁၁နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁-၂၀၁၉ရက်တွင် ဝါးခယ်မ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုလေး (မြသိဒ္ဓိဆန်စက်-ဝါးခယ်မမြို့)
အသက်(၆၈)နှစ်

(ဦးခင်မောင်-ဒေါ်ခင်ရီ)တို့၏သား၊ ဦးမြသောင်း-ဒေါ်ညွန့်ညွန့်၊ ဦးမြင့်-(ဒေါ်ခင်ခင်)၊ ဒေါ်ရီရီ၊ (ဦးကိုကိုကြီး)-ဒေါ်အေးအေးပြုံးတို့၏မောင်/ညီ၊ ဒေါ်မွေးမွေး၏အစ်ကို၊ ငြိမ်းချမ်းကိုကို၊ ငြိမ်းချမ်းကိုငယ်၊ ယမင်းကိုလေးတို့၏ဖခင်၊ (ဒေါ်ကျင်လှိုင်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၁၉ရက် (စနေနေ့)India စံတော်ချိန် ၁၀း၃၀နာရီတွင် India နိုင်ငံ Chennai မြို့ရှိ Global Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ရက် အိန္ဒိယစံတော်ချိန် ၁၁နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ရက်တွင် ဝါးခယ်မ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု



လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ်(၇၀)ပြည့် စစ်ရေးပြအခမ်းအနား၌ စစ်ရေးပြချီတက်အလေးပြုမှုကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Bounnhang Vorachith၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဖိတ်ကြားထားသူများ ကြည့်ရှုကြစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ် (၇၀)ပြည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး General Chansamone Chanyalath ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ်(၇၀)ပြည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် လာအိုနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဗီယင်ကျန်းပြည်နယ်ရှိ ကိုမာဒမ် စစ်တက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် လာအိုပြည်သူ့တပ်မတော်တည်ထောင်မှုနှစ် (၇၀)ပြည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Bounnhang Vorachith နှင့် အစိုးရအဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီး General Chansamone Chanyalath၊ လာအိုအမျိုးသား တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံရေးလုပ်ငန်းဌာန ညွှန်ကြားရေးမှူး၊ ဗီယက်နမ်နိုင်ငံ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကာကွယ်ရေးဝန်ကြီး၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာစစ်ဘက်ဆိုင်ရာ

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

## ရောဝတီ၊ ရန်ကုန်နှင့် ဟံသာဝတီအသင်း နိုင်ပွဲရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်၊ ရောဝတီနှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် သရေပွဲကြုံတွေ့ထားသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရောဝတီအသင်းက ရန်ပိုင်စိုး၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ရာသီကြိုပြင်ဆင်မှု များစွာပြုလုပ်ထားသည့် ရောဝတီအသင်းသည် ဒုတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခြင်းဖြစ်ပြီး ဇယားထိပ်ပိုင်းသို့ တက်လှမ်းလာနိုင်ခဲ့သည်။ မကွေးအသင်းမှာမူ တိုက်စစ်ပိုင်း အဆုံးသတ်အားနည်းမှုကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရောဝတီအသင်းသည် အဓိက တိုက်စစ်မှူး မာတူနာ ဒဏ်ရာရနေ၍ ဆာဆက်ကို အထောင်တိုက်စစ်မှူးအဖြစ် အသုံးပြုကာ သီဟဇော်၊ အောင်ကျော်နိုင်၊ ကျော်ဇင်ဖြိုး(ဂိုး)၊ ဇော်လင်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မကွေးအသင်းမှာလည်း စိုးလွင်လွင်၊ အောင်မြင့်ထွန်း၊ ဝင်းမိုးကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရောဝတီအသင်းက ပိုဖိကစားနိုင်ပြီး မကွေးအသင်းမှာမူ ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့သည်။ ၁၉ မိနစ်တွင် ရောဝတီအသင်း ဂိုးစရခဲ့ပြီး အောင်ကျော်နိုင် ကန်တင်ပေးသည့်ဘောလုံးကို ရန်ပိုင်စိုးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရန်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

## ၂၀၁၉ ရိုးမ-ရန်ကုန် မာရသွန်ပြိုင်ပွဲတွင် ကင်ညာကစားသမားများ ဗိုလ်စွဲ

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန် အပြေးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှေ့၌ ကျင်းပရာ ပြိုင်ပွဲဝင်ဦးရေ ၉၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲသည် တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်ကစားသမား အရေအတွက် များပြားလာခဲ့ပြီး ယခုနှစ်တွင်လည်း ပြည်ပအားကစားသမားများလည်း ပိုမိုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား လေးမျိုး ထည့်သွင်းကျင်းပခဲ့ပြီး ၄၂ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် ငါးနှစ်ဆက်တိုက် ဗိုလ်စွဲထားသည့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ✾




ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန် အပြေးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသူများကို တွေ့ရစဉ်။

